မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၃၆ ]** ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် ( ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် ) } **သောကြာနေ့ [ အတွဲ ၇၀**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၅/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

### လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်တို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အောက်ဖော်ပြပါအရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီးအစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီး လှမျိုးရွှေ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (၂) | ဗိုလ်မှူးကြီး မင်းဦး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (၃) | ဗိုလ်မှူးကြီး ကျော်ကျော်မင်း | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

**၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၇ ခုနှစ်၊ ရေခွန်နှင့် တာတမံခွန်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

## ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေ

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လယ်ယာမြေ**ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်။

(ခ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ရေခွန်၊ တာတမံခွန်နှင့် အခြားနည်းဖြင့် အသုံးပြုသည့် ရေခွန်ရေခများကို ဆိုသည်။

(ဂ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **စည်းကြပ်**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို ကောက်ခံနိုင်ရန် စိစစ်ပြုစုဆောင်ရွက်ခြင်းကို ဆိုသည်။

(င) **ရေခွန်**ဆိုသည်မှာ ဤဥပဒေအရ ရေသုံးစွဲမှုအလိုက် သတ်မှတ်စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။

(စ) **တာတမံခွန်**ဆိုသည်မှာ ဤဥပဒေအရ ရေဘေးကာကွယ်သည့် ဧရိယာတွင် သတ်မှတ်စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဆ) **ဆည်ရေသောက်ဧရိယာ**ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထားသော ဆည်၊ ကန်၊ တူးမြောင်း၊ ရေတံခါး၊ ရေနုတ်မြောင်းတို့မှရေကို တစ်နည်းနည်းဖြင့် ရယူအသုံးပြုနိုင်သော မြေဧရိယာကို ဆိုသည်။

(ဇ) **ရေဘေးကာကွယ်သည့်ဧရိယာ**ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသော တာတမံ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသော ဆည်မြောင်းတာတမံများကို ရေရှည်ထိန်းသိမ်း စောင့်ရှောက်နိုင်စေရန်၊

(ခ) ဆည်မြောင်း တာတမံများ၏ အကျိုးကျေးဇူးကို ပြည်သူများက တန်ဖိုးထားကြစေရန်၊

(ဂ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေမြေဒေသအလိုက် ရေသုံးစွဲမှု အခြေအနေအရပ်ရပ်တို့နှင့် ညီညွတ်မျှတသည့် အခွန်နှုန်းထားများ သတ်မှတ်ကောက်ခံ ဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ရေခွန်နှင့်တာတမံခွန်နှုန်းများသတ်မှတ်ခြင်း

၄။ ဆည်ရေသောက်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့် ဧရိယာအတွင်းရှိ လယ်ယာမြေများကို အခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့က ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါအခွန်နှုန်းထားများနှင့်အညီ ကောက်ခံရမည် -

(က) သီးနှံတစ်ရာသီအတွက် ဆည်ရေသောက်ဧရိယာများတွင် -

(၁) စပါးသီးနှံအတွက် မြေပြုပြင်သည်မှ အောင်ရေအထိ ရေအပြည့်အဝရယူပါက တစ်ဧကလျှင် နှစ်ထောင်ကျပ်နှုန်း၊

(၂) စပါးသီးနှံအတွက် မြေပြုပြင်သည်မှ အောင်ရေအထိ တစ်စိတ်တစ်ပိုင်းသာရယူပါက တစ်ဧကလျှင် တစ်ထောင်ကျပ်နှုန်း၊

(၃) အခြားသီးနှံ စိုက်ပျိုးပါက တစ်ဧကလျှင် တစ်ထောင်ကျပ်နှုန်း။

(ခ) ရေဘေးကာကွယ်သည့်ဧရိယာတွင် ဘဏ္ဍာနှစ် တစ်နှစ်အတွက် တစ်ဧကလျှင် ငါးရာကျပ်နှုန်း၊

(ဂ) လယ်ယာမြေသည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) နှစ်ရပ်လုံးနှင့် အကျုံးဝင်ပါက ပုဒ်မခွဲ (က) တွင် သတ်မှတ်ထားသည့်နှုန်း။

၅။ ဝန်ကြီးဌာနက ခွင့်ပြုထားသည့် ဆည်ရေသောက်ဧရိယာအတွင်း သို့မဟုတ် ပြင်ပရှိ အထွေထွေလုပ်ငန်းသုံး ဆည်ရေသုံးစွဲမှုအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနသည် ရေခွန်ရေခနှုန်းများကို အောက်ပါအခွန်နှုန်းထားများနှင့်အညီ ကောက်ခံရမည် -

(က) အိမ်သုံးရေ၊ ဝန်ထမ်းအဖွဲ့အစည်းသုံးရေ၊ စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့များသို့ ခွဲဝေပေးသည့် ရေအဖြစ် အသုံးပြုပါက ဂါလန်တစ်ထောင်လျှင် ငါးဆယ်ကျပ်နှုန်း၊

(ခ) စီးပွားရေးလုပ်ငန်း၊ စက်ရုံလုပ်ငန်းသုံးရေအဖြစ် အသုံးပြုပါက ဂါလန်တစ်ထောင်လျှင် သုံးရာကျပ်နှုန်း၊

(ဂ) ငါးမွေးမြူရေးကန်များအတွက် အသုံးပြုပါက တစ်ဧကလျှင် တစ်သောင်းကျပ်နှုန်း။

၆။ လျှပ်စစ်ရေတင်လုပ်ငန်းများတွင် ရေတင်စိုက်ပျိုးသည့် သီးနှံအမျိုးအစားအလိုက် ရေတင်ခနှုန်းထားများကို အခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့က အောက်ပါအတိုင်း ကောက်ခံရမည် -

(က) နွေစပါးသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ဧကလျှင် ကိုးထောင်ကျပ်နှုန်း၊

(ခ) မိုးစပါးသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ဧကလျှင် ခြောက်ထောင်ကျပ်နှုန်း၊

(ဂ) အခြားသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ဧကလျှင် သုံးထောင်ကျပ်နှုန်း။

## အခန်း (၄)

## ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို စိုက်ပျိုးရေးဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီဝင်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်စေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ကိုးဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး ခရိုင်အဆင့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်စေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ခုနစ်ဦးပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ဂ) မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး မြို့နယ်အဆင့်စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်စေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ခုနစ်ဦးပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များပါဝင်သော အများဆုံး ခုနစ်ဦးပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်း အခွန်လျာထားချက် ပြည့်မီအောင် စည်းကြပ်ကောက်ခံရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် မြို့နယ် ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့တို့မှ ရေခွန် သို့မဟုတ် တာတမံခွန် စည်းကြပ်ထားသည့် လယ်ယာမြေများ၏ ရေသုံးစွဲမှုနှင့် ရေဘေးကာကွယ်မှုအခြေအနေများကို အခါအားလျော်စွာစိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့တင်ပြခြင်း၊

(ဂ) အခွန်စည်းကြပ်ကောက်ခံမှုအခြေအနေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲ နိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် အစီအမံများချမှတ်၍ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၉။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များကို စစ်ဆေး ကြီးကြပ်ခြင်း၊

(ခ) မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကတင်ပြသော အချက်အလက်များကို ထပ်ဆင့်စိစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) အရ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က သဘောထား မှတ်ချက်များနှင့်အတူ တင်ပြလာသည့်အပေါ်စိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဒေသအတွင်းရှိပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများရေးဆွဲတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း။

၁၀။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းထားသည့် မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ပြုစု တင်ပြလာသည့် ရေခွန်နှင့်တာတမံခွန် စည်းကြပ်မှုစာရင်းကို စိစစ်အတည်ပြုပြီး အခွန်ပြေစာပြုစု နိုင်ရန်နှင့် အခွန်ကောက်ခံနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့အကြောင်းကြားခြင်း၊

(ဂ) ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဆည်ရေသုံးစွဲသည့်ဧရိယာ၊ ရေဘေးကာကွယ်သည့်ဧရိယာနှင့် စည်းကြပ်သည့်ဧရိယာစာရင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စာရင်းပြုစုပြီး စိစစ်အတည်ပြုခြင်းနှင့် အဆင့်ဆင့်တင်ပြခြင်း၊

(ဃ) ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရာတွင် ရေရယူသုံးစွဲသည့်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့် ဧရိယာနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လျှင် သက်ဆိုင်ရာ အခွန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်ကို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သောစာရွက်စာတမ်းများကို တင်ပြစေခြင်းနှင့် လိုအပ်ပါက မြေပြင်ကွင်းဆင်း တိုင်းတာစစ်ဆေးရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများကို တာဝန်ပေးအပ်ခြင်း၊

(င) လယ်ယာမြေ တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံ ပျက်စီးဆုံးရှုံးခြင်း ရှိ မရှိ၊ အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ မရှိနှင့် အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) ပုဒ်မခွဲ (င) ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ပုဒ်မ ၁၅ အရ လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တွေ့ရှိရသည့် အချက်အလက်များကို စစ်ဆေးတွေ့ရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြခြင်း၊

(ဆ) ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အဆုံးအဖြတ်ပြုခြင်း၊

(ဇ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများရေးဆွဲတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၁၁။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ ဖွဲ့စည်းထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေတံခါးနှင့်ရေတင်လုပ်ငန်း တစ်ခုချင်းစီ၏ နှစ်စဉ်အမှန်တကယ်ရေပေးဝေနိုင်သော ဧရိယာ၊ စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေရယူသုံးစွဲသည့်ဧရိယာတို့ကိုလည်းကောင်း၊ ရေဘေးကာကွယ်သည့်ဧရိယာအတွင်း နှစ်စဉ်အမှန်တကယ်သီးနှံစိုက်ပျိုးသည့်ဧရိယာကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းတိုင်းတာ စာရင်းပြုစုခြင်း၊

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူ သို့မဟုတ် စိုက်ပျိုးရာသီတွင် ရေရယူစိုက်ပျိုးလုပ်ကိုင်သူ အခွန်ထမ်းအမည်နှင့် ဦးပိုင်လုပ်ကွက်အလိုက် အမှန်တကယ်ရေရယူသုံးစွဲသည့်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့်ဧရိယာအတွင်း သီးနှံစိုက်ပျိုးသည့်ဧရိယာတို့ကို အခြေပြု၍ သတ်မှတ်ချက်များနှင့်အညီ ရေခွန်နှင့်တာတမံခွန် စည်းကြပ်မှုစာရင်း စိစစ်ပြုစုခြင်းနှင့် မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ပေးပို့တင်ပြခြင်း၊

(ဂ) အခွန်ပြေစာများ လက်ခံရရှိသည့်အခါ မှတ်တမ်းတင်ပြီး အခွန်ငွေများကို သတ်မှတ်ကာလအတွင်း ကောက်ခံ၍ ကောက်ခံရရှိသောအခွန်ငွေကို သက်ဆိုင်ရာရုံးသို့ နှောင့်နှေးမှုမရှိစေဘဲပေးသွင်းခြင်း၊

(ဃ) အခွန်ပြေစာဖြစ်စေ၊ ကောက်ခံရရှိပြီးသည့် အခွန်ငွေဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုရှိခဲ့လျှင် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(င) အခွန်ပြေစာများ လက်ခံရရှိမှု အခြေအနေကိုလည်းကောင်း၊ အခွန်ကောက်ခံရရှိမှုအခြေအနေကို လည်းကောင်း မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လစဉ်တင်ပြခြင်း၊

(စ) အခွန်စည်းကြပ်ကောက်ခံရန် သတ်မှတ်ရက် ကုန်ဆုံးသည့်အခါ စည်းကြပ်ကောက်ခံရန် ကျန်ရှိသည့် အခွန်ပြေစာနှင့် ကောက်ခံမရသော အခွန်ပြေစာများကို စာရင်းပြုစု၍ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စနစ်တကျ ပြန်လည်အပ်နှံခြင်း၊

(ဆ) အခွန်ကြွေးကျန်များ ပေါ်ပေါက်ပါက မည်သည့်အတွက် ဖြစ်ပေါ်ရသည်ကို အထက်အဖွဲ့အစည်း အဆင့်ဆင့်မှ အခွန်သက်သာခွင့်ပြုနိုင်ရန် အကြောင်းအကျိုးခိုင်လုံစွာဖော်ပြ၍ တင်ပြခြင်း၊

(ဇ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲ နိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် လိုအပ်ချက်များကို အကြံပြုတင်ပြခြင်း။

## အခန်း (၅)
## အခွန်ကောက်ခံခြင်း

၁၂။ ပုဒ်မ ၄ ပါ ရေခွန်နှင့်တာတမံခွန်များနှင့် ပုဒ်မ ၆ ပါ လျှပ်စစ်ရေတင်ခများကို ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အဆင့်ဆင့်က မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း ကောက်ခံ၍ ကောက်ခံရငွေအား သတ်မှတ်ထားသည့် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၃။ အခွန်ထမ်းသည် အခွန်တောင်းခံလွှာတွင် သတ်မှတ်သည့်ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့် ရက်အတွင်း အခွန်ကိုပေးဆောင်ရန်ပျက်ကွက်လျှင် ပေးဆောင်ရန်ပျက်ကွက်သည့်ငွေကို အခွန်မပြေကျန်ငွေ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည့်အပြင် တရားဥပဒေအရ တရားစွဲဆိုခြင်းခံရမည်။

၁၄။ ပုဒ်မ ၅ ပါ ရေခွန်ရေခများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနက ကောက်ခံ၍ ကောက်ခံရငွေအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။ အခွန်စည်းကြပ်ကောက်ခံမှုနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)
## ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ စာရင်းမှပယ်ဖျက်ခွင့်နှင့် ပိုငွေကိုပြန်အမ်းခြင်း

၁၅။ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုး အတွက်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြချက်ကိုစိစစ်ပြီး -

(က) ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်း သို့မဟုတ် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ် များကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်း စည်းကြပ်ထားခြင်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ခြင်း၊ ကောက်ခံ မရနိုင်တော့သည့်အခွန်ကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းက ပယ်ဖျက်ခြင်းနှင့် ပေးဆောင်ထိုက်သည့်အခွန်ကို လျှော့၍ စည်းကြပ်ထားခဲ့ကြောင်း တွေ့ရှိပါက ထပ်မံကောက်ခံ ခြင်းတို့ ပြုနိုင်သည်။

(ဂ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားကြောင်း တွေ့ရှိပါက ပိုငွေကိုဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်အမ်းခြင်းပြုရမည်။

## အခန်း (၇)
## အယူခံခြင်း

၁၆။ (က) မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) အရ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၈)
## အထွေထွေ

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၉။ ရေခွန်နှင့်တာတမံခွန်ဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် - ၁ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။”

၃။　မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဇ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းကြောင်းတစ်ခုခုလည်း ပါဝင်သည်။”

၄။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၄ ၏ ခြေဆင်း၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ အစိုးရအဖွဲ့သည် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန်အလို့ငှာ အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ"
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၅။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။"

၆။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ကို "အစိုးရအဖွဲ့က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု တစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။"

၈။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ အယူခံခြင်းကိုစိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အရေးယူ ဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။"

၉။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၄ ၏ ခြေဆင်းတွင်ပါရှိသော "ဝန်ကြီးဌာနသည်" ဆိုသည့်စကားရပ်ကို "ကြီးကြပ်ရေးဗဟိုအဖွဲ့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**

၁၃၇၈ ခုနှစ်၊    လ    ရက်

(၂၀၁၇ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ**ဆိုသည်မှာ နေရင်းဒေသရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ဆိုသည်၊

(ခ) **တောရိုင်းတိရစ္ဆာန်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူးနှင့် အသားစများလည်းပါဝင်သည်၊

(ဂ) **သဘာဝအပင်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်းပေါက်ရောက်သော အပင်၊ ချုံနွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေအောက်ရှိ အပင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ မျိုးစေ့၊ တစ်သျှူးနှင့် အစိတ်အပိုင်းများလည်းပါဝင်သည်၊

(ဃ) **သဘာဝနယ်မြေ**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့်ဒေသများကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်သည့် နယ်မြေကို ဆိုသည်၊

(င) **အမာခံထိန်းသိမ်းရေးနယ်မြေ**ဆိုသည်မှာ သဘာဝနယ်မြေအတွင်း ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ တို့ကို ရေရှည်တည်တံ့စေရန် ထုတ်ယူသုံးစွဲခြင်းနှင့် ထိခိုက်ခြင်းမရှိစေဘဲ နောင်လာနောက်သား များ၏ အကျိုးကိုရည်ရွယ်၍ ထိန်းသိမ်းထားသော နယ်မြေကို ဆိုသည်၊

(စ) **ကြားခံနယ်မြေ**ဆိုသည်မှာ သဘာဝနယ်မြေအတွင်းတွင်လည်းကောင်း၊ သဘာဝနယ်မြေ၏ နယ်နိမိတ်အစပ်တွင်လည်းကောင်း အမာခံထိန်းသိမ်းရေးနယ်မြေနှင့်ဆက်စပ်နေပြီး အမာခံ ထိန်းသိမ်းရေးနယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဝန်ကြီးဌာနက ကြားခံအဖြစ် သတ်မှတ်အုပ်ချုပ်သောနယ်မြေဧရိယာကို ဆိုသည်၊

(ဆ) **ဂေဟစနစ်**ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့်ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကို ဆိုသည်၊

(ဇ) **နေရင်းဒေသ**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာ နယ်မြေတို့ကို ဆိုသည်၊

(ဈ) **တိရစ္ဆာန်ဥယျာဉ်**ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်၊

(ည) **ရုက္ခဗေဒဥယျာဉ်**ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်၊

(ဋ) **သစ်တောနယ်မြေ**ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောတို့ကို ဆိုသည်၊

(ဌ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးကော်မတီကို ဆိုသည်၊

(ဍ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်၊

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုသည်၊

(ဏ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်၊

(တ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ထ) **သစ်တောအရာရှိ**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်တာဝန်ခံအဆင့် သို့မဟုတ် သဘာဝနယ်မြေ အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်၊

(ဒ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်၊

(ဓ) **အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောအရာရှိကို ဆိုသည်၊

(န) **လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်**ဆိုသည်မှာ ရှားပါးပြီး မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေခြင်းကြောင့် အထူးကာကွယ်ထိန်းသိမ်းရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်၊

(ပ) **ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များ**ဆိုသည်မှာ မျိုးဆက် ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်ထိန်းချုပ်နိုင်ရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်သော တိရစ္ဆာန်နှင့်အပင်ကိုဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တိရစ္ဆာန်နှင့်အပင်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးမူဝါဒကို အကောင်အထည် ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များနှင့် ရာသီအလိုက်ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသောငှက်များ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံ သဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) ဘူမိရုပထူးခြားသည့် နေရာဒေသများ၊ မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝ အပင်များကို ကာကွယ်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာနများ၊<br>အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |

(၃) သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ အဖွဲ့ဝင်များ

(၄) ဉက္ကဋ္ဌက တာဝန်ပေးအပ်သူ အတွင်းရေးမှူး

(ခ) လိုအပ်လျှင် ကော်မတီတွင် ဒုတိယဉက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည် ဝန်ကြီးက သတ်မှတ်သည့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဉပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ခ) အစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) အစိုးရက သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဃ) သဘာဝနယ်မြေများသတ်မှတ်ရေးနှင့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(စ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံခြားတိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၄)
## သဘာဝနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်များ တည်ထောင်ခြင်း

၇။ သဘာဝနယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သိပ္ပံကြိုးဝိုင်း၊

(ခ) အမျိုးသားဉယျာဉ်၊

(ဂ) အဏ္ဏဝါအမျိုးသားဉယျာဉ်၊

(ဃ) သဘာဝကြိုးဝိုင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊

(စ) ဘူမိရုပထူးခြားသည့်ကြိုးဝိုင်း။

၈။ ဝန်ကြီးသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဉပဒေ၏ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -

(၁) သဘာဝနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်၊

(၂) တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်များကို တည်ထောင်နိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်၊

(င) ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် သဘာဝနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၀။ ဝန်ကြီးသည် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်မည့်နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) သဘာဝနယ်မြေအတွင်း လုံးဝတားမြစ်ထားသောဒေသမှအပ သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) သဘာဝနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို နိုင်ငံခြားတိုင်းပြည်များနှင့် အလဲအလှယ်ပြုလုပ်နိုင်သည်၊

(ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေးနယ်မြေအား ထိခိုက်မှုမရှိစေဘဲ သဘာဝနယ်မြေများ၏အတွင်းတွင်လည်းကောင်း၊ နယ်နိမိတ်အစပ်တွင်

လည်းကောင်း၊ ကြားခံနယ်မြေသတ်မှတ်ပေးရမည်။ သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြု ခရီးသွားလုပ်ငန်းနှင့် ဒေသခံများစီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဧရိယာဖြင့် စီမံအုပ်ချုပ်ခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်သည်၊

(င) သဘာဝနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(စ) သဘာဝနယ်မြေများအတွင်း ထိန်းသိမ်းကာကွယ်ထားသော ဂေဟစနစ်များမှရရှိသည့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်စေခြင်းစနစ်ကို သတ်မှတ်နိုင်သည်၊

(ဆ) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ရေရှည် တည်တံ့ရေးကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်သည့် ဒေသခံပြည်သူပူးပေါင်းပါဝင်သည့် သဘာဝ နယ်မြေ စီမံအုပ်ချုပ်မှုကို ကျင့်သုံးရန် ခွင့်ပြုနိုင်သည်၊

(ဇ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (င) အရ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များကို ခွင့်ပြုသည့်အခါ သစ်တောဦးစီးဌာနသည် လိုက်နာရမည့်စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊

(ဈ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (င) အရ ငြင်းပယ်သည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ် သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ အရှည်တည်တံ့နေစေရေးအတွက် ဦးရေအမျိုး အစားမျှတစေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်အတွင်း ကြည့်ရှု လေ့လာ အပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပြီး အများပြည်သူ သိရှိရန် ကြေညာထားရမည်။

၁၄။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်သော လမ်းညွှန်ချက်များနှင့် အညီ သဘာဝနယ်မြေအမျိုးအစားအလိုက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများကို သုတေသနပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဉယျာဉ်အတွင်း ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေ နိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါအမျိုးသားဉယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော သတ္တဝါများ၊ ယင်းတို့၏ နေရင်းဒေသများဖြစ်သော သန္တာကျောက်တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များနှင့် ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားသည့် တောရိုင်း တိရစ္ဆာန်များ၊ ယင်းတို့၏နေရင်းဒေသများကို သဘာဝအတိုင်း တည်ရှိနေစေရန် ကာကွယ် ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲ ဖြစ်ပေါ်နေသော ဂေဟစနစ်များ အရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များ ရောက်ရှိရပ်နားရာဒေသများနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းရေးအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရုပထူးခြားသည့် ကြိုးဝိုင်းအတွင်း ထူးခြားလှပသည့် သဘာဝအနေအထားများနှင့် ရိုးရာဓလေ့များဖြင့် ထင်ရှားသည့်ဒေသများကို ထိန်းသိမ်းခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် သဘာဝနယ်မြေများ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

## အခန်း (၅)
## ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

၁၅။ သစ်တောဦးစီးဌာနသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် -

(က) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည်-

(၁) လုံးဝ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၂) သာမန် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။

(ခ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်၊

(ဂ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်ထိန်းချုပ်နိုင်ရန်အလို့ငှာ အမျိုးအစားခွဲခြားပြီး သတ်မှတ်ကြေညာရမည်၊

(ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(င) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရန်သတ်မှတ်မည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားသောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအောက်တွင်ရှိနေပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(စ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန် -

(၁) ညွှန်ကြားရေးမှူးချုပ်အား မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နိုင်ရန် သတ်မှတ်ပေးရမည်၊

(၂) မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နိုင်ရန် သင့်လျော်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ သတ်မှတ်တာဝန်ပေးရမည်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် သဘာဝအပင်များကာကွယ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ပေးရမည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ် ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်များအနက် သတ်မှတ်သည့် အမျိုးအစားတွင်ပါဝင်သော တိရစ္ဆာန်ကိုဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့် ပြုနိုင်သည်၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်ကို သိပ္ပံဆိုင်ရာသုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်းပြုနိုင်ရန် ထိန်းသိမ်းထားသည့် သဘာဝနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်၊

(ဂ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများကို သုတေသနလုပ်ငန်းအတွက်ဖြစ်စေ၊ သိပ္ပံနည်းကျ အမျိုးအမည်ခွဲခြားရန်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ပသို့ တင်ပို့ခွင့်နှင့် သယ်ဆောင်ခွင့်ပြုနိုင်သည်၊

(ဃ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်၊

(င) ပြည်ပမျိုး သဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့် ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်းပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အနက် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင် အမျိုးအမည်များကို ထုတ်ပြန်ကြေညာနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသည့် မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်များကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်း တိရစ္ဆာန်များကို ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ဃ) သဘာဝနယ်မြေနှင့်ကပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင်တိရစ္ဆာန်မွေးမြူသူနှင့် အပင်စိုက်ပျိုးသူ၊ မည်သူကိုမဆို သဘာဝနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇ ရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း ပြုနိုင်သည်၊

(င) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကို စီးပွားရေးအလို့ငှာလည်းကောင်း၊ ဝါသနာအရလည်းကောင်း မွေးမြူနိုင်ရေးနှင့် စိုက်ပျိုးနိုင်ရေးအတွက် စည်းကမ်းချက်များသတ်မှတ်၍ တင်သွင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(စ) ပုဒ်မခွဲ (ခ) နှင့် (င) တို့အရ လုပ်ကိုင်ခွင့်ပြုသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သော နည်းလမ်းများနှင့်အညီ စစ်ဆေးရန် သစ်တောအရာရှိ သို့မဟုတ် သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်တို့ကို တာဝန်ပေးအပ်ရမည်၊

(ဆ) ပြည်တွင်းသို့ တင်သွင်းလာသည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များဖြစ်စေ၊ မျိုးရိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်နှင့် အပင်များဖြစ်စေ ကူးစက်ရောဂါပိုး ကင်းရှင်းမှုမရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးပါရှိခြင်း၊ အဆိပ်အတောက်ပါဝင်ခြင်း၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇရောယှက်စေနိုင်ခြင်းနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးအပေါ် ထိခိုက်စေခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြည်တွင်းသို့ ဆက်လက်သယ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်၊

၁၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းရန် သို့မဟုတ် ပြည်ပသို့တင်ပို့ရန် သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ရန် ထောက်ခံချက်ပေးနိုင်သည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော သစ်တောအရာရှိသည် အမဲလိုက်ခွင့်၊ စုဆောင်းခွင့်၊ စီးပွားရေးအလို့ငှာ မွေးမြူခွင့် သို့မဟုတ် စိုက်ပျိုးခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းခွင့် ပြုနိုင်သည်၊

(ဃ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသော ထောက်ခံချက် တင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်၊

(င) ပါမစ် သို့မဟုတ် လိုင်စင်ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်ရမည်၊

(စ) စစ်ဆေးခ၊ ပါမစ် သို့မဟုတ် လိုင်စင်ခနှင့် အခြားစရိတ်ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## အမဲလိုက်ခြင်း

၁၉။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များကို အမဲလိုက်သူအား စည်းကမ်းချက်များသတ်မှတ်၍ အမဲလိုက်ခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၂၀။ အမဲလိုက်ခွင့် လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)
## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၂၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ၊ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၂။ ဝန်ကြီးသည် -

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လိုအပ်လျှင် တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၃။ ပုဒ်မ ၂၁ အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၅။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်း လိုင်စင်ရရှိသူသည် -

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်းရမည်။

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ သေဆုံးလျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၂၆။ (က) ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေအာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ဂ) ဤဥပဒေအာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ယင်းတောရိုင်းတိရစ္ဆာန်၏အစိတ်အပိုင်းကို သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ်ထားရှိလိုလျှင် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည် -

(က) ပုဒ်မ ၂၆ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ သစ်တောဝန်ထမ်းများသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ

အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ် ၁၀,၀၀၀ မှ အများဆုံး ကျပ် ၃၀,၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသောနေရာသို့ သတ်မှတ်သည့်စည်းကမ်းနှင့်မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသောနေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၃၀။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ် ၃၀,၀၀၀ မှအများဆုံး ကျပ် ၁၀၀,၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ခြင်း၊

(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊

(ဃ) သဘာဝအပင် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၁။ သစ်တောအရာရှိသည် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့်ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုလုပ်သူအား အနည်းဆုံး ကျပ် ၇၀,၀၀၀ မှ အများဆုံး ကျပ် ၂၀၀,၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၂။ သစ်တောအရာရှိသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်သည့်အခါ သဘာဝနယ်မြေမှဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၁၀)

## အယူခံခြင်း

၃၃။ သစ်တောအရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၄။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀,၀၀၀ မှ အများဆုံး ကျပ် ၅၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊

(ခ) အမဲလိုက်ခွင့်လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(ဂ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊

(ဃ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(င) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊

(ဆ) မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှုအခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်း၊

(ဇ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ နမူနာတစ်ခုချင်း၌ ပြုလုပ်ထားသောအမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(ဈ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၃၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀,၀၀၀ မှ အများဆုံး ကျပ် ၁၀ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ဂေဟစနစ်ကိုဖြစ်စေ၊ သဘာဝအနေအထား တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်၏ နယ်နိမိတ်အမှတ်အသားတစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀,၀၀၀ မှ အများဆုံး ကျပ် ၁၅ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သို့မဟုတ် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ် ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရ ဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင်ကို သို့မဟုတ် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ် ထိန်းချုပ်သည့် သဘာဝအပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ ယင်းသဘာဝအပင်ကို ဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ ထုတ်ပေးထားသော ထောက်ခံချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပသို့တစ်ဆင့်ခံတင်ပို့ခြင်း။

၃၈။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀၀,၀၀၀ မှ အများဆုံး ကျပ် ၃၀၀,၀၀၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် ထောက်ခံချက်တစ်ခုခုရရှိရန် ဤဥပဒေအရ လျှောက်ထားရာတွင် မမှန်မကန်ဖော်ပြခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် ထောက်ခံချက်ကို မရိုးမဖြောင့်သော သဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း။

၃၉။ မည်သူမဆို ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၇၀,၀၀၀ မှ အများဆုံး ကျပ် ၂၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သောပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကို ကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၁။ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံ အရလည်းကောင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်၏ အစိတ်အပိုင်းဖြင့် ဖော်စပ်ပြီးသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

၄၂။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်း များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

(ဃ) သဘာဝနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်းများနှင့်ပတ်သက်၍ လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အဦ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်း နိုင်သောပစ္စည်းများကို သဘာဝနယ်မြေအတွင်းမှ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန် အမိန့် ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၄၃။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများကို ဤဥပဒေအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများဖြစ်သည်ဟု မှတ်ယူရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းသည် တရားရုံး ရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြား စာရွက်စာတမ်း အထောက် အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူက သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၅။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်၊

(ခ) ဤဥပဒေအရ တရားစွဲဆိုရာတွင် သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့်အမှုတွင် ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၄၈။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရှိသောငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲ ဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၄၉။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြား ချက်များ မထုတ်ပြန်မီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကျူလာများကို ဤဥပဒေနှင့်မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၁။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

**ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န) တွင် ပါရှိသော **"ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန"**ဆိုသည့်စကားရပ်ကို **"ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ သို့မဟုတ် အသရေဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။"

၄။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) တို့ပါ ပြစ်မှုများမှတစ်ပါး ကျန်ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(ဂ) ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ) တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ဃ) မည်သည့်တရားရုံးမျှ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) ပါ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာနစ်နာသူ ကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူကဖြစ်စေ တိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

**ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကိုပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၈။ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ -**

**(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ် အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင် ခွင့်ပြုမိန့် ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။**

**( ခ ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေး အကျိုးအမြတ် အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**( ဂ ) စီးပွားရေးအကျိုးအမြတ်အလို့ငှာမဟုတ်သော ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။”**

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -**

**(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထား မှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြ ရမည်။**

**( ခ ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သက်တမ်းနှင့်စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။”**

၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၁၀ တွင် -

(က) ခြေဆင်းတွင်ပါရှိသော **“ပုဒ်မ ၉”** ဆိုသည့်စကားရပ်ကို **“ပုဒ်မ ၉၊ ပုဒ်မခွဲ (က)”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“(ခ) စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက တည်ထောင် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သက်တမ်းနှင့်စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။”**

၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

**“၁၃။ (က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ တည်ထောင်ခွင့်ပြုမိန့်ရရှိ ထားသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**( ခ ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍သက်ဆိုင်ရာမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"**

၆။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -**

**(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။**

**( ခ ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကိုစိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"**

၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၅ ခြေဆင်းတွင် ပါရှိသော **"ပုဒ်မ ၁၄"** ဆိုသည့်စကားရပ်ကို **"ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)"** ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၈။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၉။ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ -**

**(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**( ခ ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**( ဂ ) စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"**

၉။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -**

**(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။**

**( ခ ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သက်တမ်းနှင့်စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးရမည်။"**

၁၀။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၁ တွင် -

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော **"ပုဒ်မ ၂၀"** ဆိုသည့်စကားရပ်ကို **"ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော **"ပြည်တွင်းမှ ပုဂ္ဂလိက"** ဆိုသည့်စကားရပ်၏ ရှေ့တွင် **"စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့်"** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -**

**(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကတင်ပြသော လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"**

၁၂။ **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။**

၁၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၄။ (က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တို့အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက်သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"**

၁၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -**

**(က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။**

**(ခ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ကို သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။"**

၁၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ခြေဆင်းတွင် ပါရှိသော **"ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို"** ဆိုသည့် စကားရပ်ကို **"ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ တည်ထောင်ခွင့်ပြုမိန့်လျှောက်ထားရန် လိုအပ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း၊"**

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော **"တည်ထောင်ခွင့်ပြုမိန့်"** ဆိုသည့် စကားရပ်၏ရှေ့တွင် **"ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃ ၏နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၃၃ - က။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည် -**

**(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ တည်ထောင်ခွင့်ပြုမိန့်လျှောက်ထားရန် လိုအပ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း၊**

**(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော်လည်းကောင်း နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်း။"**

၁၈။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ခွင့်ပြုချက်လျှောက်ထားရန်လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊"**

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော **"ခွင့်ပြုချက်"** ဆိုသည့် စကားရပ်၏ရှေ့တွင် **"ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၉။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၄ ၏နောက်တွင် ပုဒ်မ ၃၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၃၄ - က။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည် -**

**(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ခွင့်ပြုချက်လျှောက်ထားရန် လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊**

**(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ဆောင်ရွက်ခြင်း။"**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၅၄၁/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ် ထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအဖြစ် တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို ရေးဆွဲ၍ တရားစီရင်ရေးကဏ္ဍ ပိုမိုကောင်းမွန်တိုးတက်စေရန် ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တရားစီရင်ရေးစနစ်တွင် တရားသူကြီးများ၏ ကျင့်ဝတ်သိက္ခာများ၊ ဂုဏ်အင်္ဂါများနှင့် စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းတာဝန်များနှင့် စပ်လျဉ်း၍ မဟာဗျူဟာလုပ်ငန်းစီမံချက်၏ ရည်မှန်းချက်အပိုဒ် ၄. ၄. ၂ ပါကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာပညာရပ်နှင့် ကျင့်ဝတ်ဆိုင်ရာနည်းဗျူဟာများ မြှင့်တင်ခြင်း အစီအစဉ်အရ တရားစီရင်ရေးကျင့်ဝတ်များ အသစ်ရေးဆွဲရန်နှင့် ကျင့်ဝတ်များ အကောင်အထည်ဖော်နိုင်ရေး တို့ကို ဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာနိုင်ငံတရားသူကြီးများအတွက် အသစ်ပြန်လည်ရေးဆွဲသည့် တရားစီရင်ရေးကျင့်ဝတ် ပေါ်ထွက်လာအောင် ဆောင်ရွက်ခဲ့ပါသည်။

၂။ သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးတာဝန် ထမ်းဆောင်နေကြသော တရားသူကြီးများ၊ တရားရေးဝန်ထမ်းများအတွက် ကျင့်ဝတ်ဆိုင်ရာ အပြုအမူများနှင့်ပတ်သက်၍ စံချိန်စံနှုန်းများ သတ်မှတ်ရန်နှင့် တရားစီရင်ရေးတာဝန် ထမ်းဆောင်သည့်အခါ လမ်းညွှန်မှုရရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ညီညွတ်သော မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကို လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန် ထုတ်ပြန်လိုက်ပါသည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## မြန်မာနိုင်ငံတရားသူကြီးများအတွက်
## တရားစီရင်ရေးကျင့်ဝတ်

**အခန်း ၁။ လွတ်လပ်မှု**

အခြေခံမူ - တရားစီရင်ရေးလွတ်လပ်မှုသည် တရားဥပဒေစိုးမိုးရေးတွင် အခြေခံလိုအပ်ချက်ဖြစ်ပြီး မျှတသောတရားစီရင်မှု၏ အဓိကအာမခံချက်လည်း ဖြစ်သည်။ ထို့ကြောင့် တရားသူကြီးတစ်ဦးသည် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း တရားစီရင်ရေး လွတ်လပ်မှုကို ထိန်းသိမ်းရမည့်အပြင် တရားစီရင်ရေးလွတ်လပ်မှုရှိကြောင်းကိုလည်း စံနမူနာပြ ဖြစ်စေရမည်။

**တရားစီရင်ရေးလွတ်လပ်မှု၏လိုအပ်ချက်များတွင် အောက်ဖော်ပြပါတို့ ပါဝင်သည် -**

၁။ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးဆုံးဖြတ်ချက်တိုင်းကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ချမှတ်ရမည်။

၂။ တရားသူကြီးများသည် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မစပ်ဆိုင်သော လွှမ်းမိုးမှု၊ မက်လုံးပေးမှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု သို့မဟုတ်

ဝင်ရောက်စွက်ဖက်မှုတို့မှ ကင်းရှင်းပြီး၊ ဥပဒေကို ကောင်းစွာ သိနားလည်ပြီး အချက်အလက်မှန်များ အပေါ် ၎င်း၏ချင့်ချိန်သုံးသပ်မှုကို အခြေခံ၍ လွတ်လပ်စွာ ဆောင်ရွက်ရမည်။

၃။ တရားသူကြီးများသည် အစိုးရဌာနအဖွဲ့အစည်းများဖြစ်သော အုပ်ချုပ်ရေးအဖွဲ့၊ ဥပဒေပြုရေး အဖွဲ့တွင်ပါဝင်သော ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်သီးခြားစီဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ မဆီလျော်သော ဆက်သွယ်လွှမ်းမိုးခံရမှုများမှ ကင်းရှင်းရမည့်အပြင် အကြောင်းအကျိုးဆင်ခြင်တတ်သူ တစ်ဦး အနေဖြင့်လည်း ယင်းသို့ ကင်းရှင်းမှုကို မြင်သာစေရမည်။

၄။ တရားသူကြီးများသည် ယေဘုယျအားဖြင့် လူမှုအသိုင်းအဝိုင်းနှင့်ဖြစ်စေ၊ မိမိစီရင်ဆုံးဖြတ်ရမည့်အမှုမှ အမှုသည်များနှင့်ဖြစ်စေ အနှောင်အဖွဲ့ကင်းရမည်။

၅။ တရားသူကြီးများသည် မိမိ၏မိသားစုမှဖြစ်စေ၊ လူမှုရေး သို့မဟုတ် အခြားသော ဆက်ဆံမှုအရဖြစ်စေ တရားစီရင်ရေးဆောင်ရွက်ချက်နှင့် စီရင်ချက်ချမှတ်ခြင်းတို့အပေါ် လွှမ်းမိုးခြင်းကို ခွင့်မပြုရ။

၆။ တရားသူကြီးများသည် မိမိ သို့မဟုတ် မိသားစုဝင်တစ်ဦးဦး၏ သို့မဟုတ် အခြားသူတစ်ဦးဦး၏ အကျိုးစီးပွားတိုးတက်စေရန် ရည်ရွယ်၍ တရားစီရင်ရေးဆိုင်ရာ ရာထူးဂုဏ်ဒြပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူအား အသုံးပြုခွင့်ပေးခြင်းတို့ကို မပြုလုပ်ရ။ တရားသူကြီးသည် တရားစီရင်ရေး တာဝန်ကို ဆောင်ရွက်ရာတွင် ၎င်းအပေါ်အထူးဩဇာအာဏာရှိသူတစ်ဦးဦးက လျော်ကန်သင့်မြတ်မှု မရှိသော လွှမ်းမိုးမှုရှိကြောင်း မိမိထင်မြင်ချက်ကို အခြားသူများအား ထုတ်ဖော်ပြောကြားခြင်းမပြုရ။ ထို့အပြင် အခြားသူများက ယင်းသို့ ထုတ်ဖော်ပြောကြားခြင်းကိုလည်း ခွင့်မပြုရ။

၇။ တရားသူကြီးတစ်ဦးသည် တရားရေးဆိုင်ရာလုပ်ဖော်ကိုင်ဖက်များ၏ မလျော်ကန်သော လွှမ်းမိုးမှုကို လက်မခံဘဲ စီရင်ဆုံးဖြတ်ချက်များအား လွတ်လပ်စွာ ဆောင်ရွက်ရမည်။

၈။ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် လွတ်လပ်စွာ တရားစီရင်ရေးမူကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်အားပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း ပြုရမည်။

## အခန်း ၂။ သာတူညီမျှရှိမှု

အခြေခံမူ - တရားစီရင်ရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် တရားရုံးရှေ့မှောက်၌ လူတိုင်းအပေါ် သာတူညီမျှမှုရှိခြင်းသည် မရှိမဖြစ် လိုအပ်သည်။

**သာတူညီမျှမှုရှိခြင်း၏လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်သည် -**

၁။ တရားသူကြီးများသည် လူတိုင်းအပေါ်တွင် လူမျိုးစုဆိုင်ရာနောက်ကြောင်း၊ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှု သို့မဟုတ် မသန်စွမ်းမှုတို့ကို အကြောင်းပြု၍ မမျှတသောခွဲခြားဆက်ဆံမှုမရှိဘဲ လျော်ကန်သင့်မြတ်သော စဉ်းစားဆင်ခြင်တွေးခေါ်မှု၊ နားလည်မှုတို့ဖြင့် တရားစီရင်ရေးတာဝန်ကို ဆောင်ရွက်ရမည်။

၂။ တရားသူကြီးတစ်ဦးသည် မိမိ၏တရားစီရင်ရေးတာဝန်ကို ကြောက်ရွံ့ပူပန်ခြင်း၊ မျက်နှာသာပေးခြင်း၊ မလိုမုန်းထားခြင်းတို့မရှိဘဲ ဆောင်ရွက်ရမည်။

၃။ တရားသူကြီးတစ်ဦးသည် တရားခွင်တွင်ဖြစ်စေ၊ တရားခွင်ပြင်ပတွင်ဖြစ်စေ ရှေ့နေရှေ့ရပ်များ၊ အမှုသည်များ၊ သက်သေများ၊ အမှုနှင့်ဆက်နွှယ်သူများအားလုံးကို တန်းတူညီမျှ ဆက်ဆံရမည်။

၄။ တရားသူကြီးများသည် မိမိ၏ကြီးကြပ်လမ်းညွှန်မှုအောက်ရှိ တရားရုံးဝန်ထမ်းများနှင့် အခြားသူများက မိမိ၏ရှေ့မှောက်တွင် မဆီလျော်သောအကြောင်းပြချက်ဖြင့် သက်ဆိုင်သူများအား ခွဲခြားဆက်ဆံ ခြင်းကို သိလျက်နှင့် ခွင့်မပြုရ။

**အခန်း ၃။ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု**

အခြေခံမူ - စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှုသည် တရားစီရင်ရေးတာဝန်ထမ်းဆောင်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည်။

**စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၏လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်သည် -**

၁။ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးလုပ်ငန်းတာဝန်အားလုံးအပေါ်တွင် အချိန်၊ စွမ်းအားစသည်တို့ကို လုံးလုံးလျားလျား ပေးအပ်မြှုပ်နှံဆောင်ရွက်သင့်သည့်အပြင် တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် လုံ့လဝီရိယ စိုက်ထုတ်ဆောင်ရွက်ရမည်။

၂။ တရားသူကြီးများသည် တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် အချိန်မှန်ခြင်း၊ ပြဋ္ဌာန်းသည့်ကျင့်ထုံးများကို လိုက်နာခြင်း၊ နှောင့်နှေးမှုများကို ရှောင်ရှားခြင်းတို့အား အထူးစွဲမြဲခံယူထားသင့်သည်။ ထို့အပြင် တရားသူကြီးများသည် စီရင်ချက်ချမှတ်ခြင်းအပါအဝင် တရားစီရင်ရေးလုပ်ငန်းတာဝန်များအားလုံးကို သင့်လျော်သောအချိန်အတွင်း ကျွမ်းကျင်မှုတစွာ ဆောင်ရွက်ရမည်။

၃။ တရားသူကြီးများသည် တရားရုံးရှေ့မှောက်ရှိအမှုများအားလုံးကို စနစ်တကျထိန်းသိမ်းရမည်။

၄။ တရားသူကြီးများသည် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ပျိုးထောင်ပေးသည့် သင်တန်းများအပြင် ရရှိနိုင်သမျှ အခြားအခွင့်အလမ်းများဖြင့် လေ့လာဆည်းပူး၍ လိုအပ်သည့် ဥပဒေအသိပညာ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ကိုယ်ပိုင်အရည်အချင်းများကို ထိန်းသိမ်း၍ တိုးတက်မြင့်မားစေရန် ဆောင်ရွက်ရမည်။

**အခန်း ၄။ သမာသမတ်ကျမှု**

အခြေခံမူ - သမာသမတ်ကျမှုသည် တရားစီရင်ရေးလုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် မရှိမဖြစ်အရေးပါသည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင်သာမက အမှုစစ်ဆေးစီရင်မှုတစ်ခုလုံးတွင်ပါ သမာသမတ်ကျရန်လိုသည်။

**သမာသမတ်ကျမှု၏လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည် -**

၁။ တရားသူကြီးများသည် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်း သို့မဟုတ် အဂတိတရားဖြင့် မလိုမုန်းထားခြင်းများမှ ကင်းရှင်းစွာ ဆောင်ရွက်ရမည်။

၂။ ပြည်သူများ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် အမှုသည်များ၏ ယုံကြည်အားထားမှုအပေါ် ထိန်းသိမ်းမြှင့်တင်ရန်အတွက် တရားရုံးတွင်ဖြစ်စေ၊ တရားရုံးပြင်ပတွင်ဖြစ်စေ တရားစီရင်ရေးအဖွဲ့အစည်းနှင့် တရားသူကြီးများ၏ သမာသမတ်ကျစွာ ပြုမူဆောင်ရွက်ကြောင်း သေချာပေါ်လွင်ထင်ရှားစေရမည်။

၃။ တရားသူကြီးသည် အမှုကြားနာခြင်း သို့မဟုတ် စီရင်ချက်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အရည်အချင်းပျက်ယွင်းကြောင်း မှတ်ယူနိုင်သည့်အခြေအနေမျိုးကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။

၄။ တရားသူကြီးများသည် မိမိစစ်ဆေးနေသောအမှု သို့မဟုတ် မိမိစစ်ဆေးစီရင်နိုင်ဖွယ်ရာရှိသောအမှု၏ရလဒ်နှင့် မျှတသည့်စစ်ဆေးစီရင်မှုလုပ်ငန်းစဉ်အား ထိခိုက်စေနိုင်မည့် ထင်မြင်သုံးသပ်ချက်များကို သိလျက်နှင့် မပေးရ။ ယင်းသို့ ထင်မြင်သုံးသပ်ချက်ပေးပါက မျှတသော စစ်ဆေးစီရင်မှုကို ထိခိုက်စေနိုင်သဖြင့် မည်သူကိုမဆို သို့မဟုတ် မည်သည့်အငြင်းပွားမှုမျိုးကိုမဆို အများပြည်သူလူထုရှေ့မှောက်တွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သည့် ထင်မြင်သုံးသပ်ချက်ကိုမျှ မပြုရ။

၅။ အသိအမြင်များပြီး၊ ဆင်ခြင်တုံတရားနှင့်သမာသမတ်ရှိသူတစ်ဦးဦးက တရားသူကြီးတစ်ဦး (သို့မဟုတ် ၎င်း၏ အနီးဆုံးမိသားစု သို့မဟုတ် ရင်းနှီးသောမိတ်ဆွေ သို့မဟုတ် အပေါင်းအပါများ) ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးစီးပွားနှင့် တရားသူကြီး၏တာဝန်အကြား ဝိရောဓိရှိသည်ဟု ယုတ္တိတန်သော သံသယ

ဖြစ်ပေါ်စေနိုင်လျှင် တရားသူကြီးသည် အမှုဆုံးဖြတ်ရန် အရည်အချင်းပျက်ယွင်းကြောင်း မိမိကိုယ်တိုင်ထုတ်ဖော်ပြောကြားရမည်။ (ထိုတရားသူကြီးသည် အမှုကို ဆက်လက်စစ်ဆေးစီရင်ခြင်း မပြုရ။) အဆိုပါအမှုကိစ္စမျိုးသည် အတိအကျ သတ်မှတ်ထားခြင်းမရှိသော်လည်း အောက်ဖော်ပြပါ အခြေအနေမျိုးတွင် အရည်အချင်း ပျက်ယွင်းကြောင်း ထုတ်ဖော်ပြောကြားရမည်။

(က) တရားသူကြီးသည် အမှုနှင့်သက်ဆိုင်သော အငြင်းပွားဖွယ်ရာဖြစ်သည့် သက်သေခံအချက်အလက်များကို ကိုယ်တိုင်သိရှိနေခြင်း၊

(ခ) တရားသူကြီး သို့မဟုတ် ၎င်း၏မိသားစုဝင်သည် အငြင်းပွားမှု၏ ရလဒ်အပေါ်တွင် ပုဂ္ဂိုလ်ရေးအရ အကျိုးအမြတ်ရှိခြင်း၊

(ဂ) တရားသူကြီးသည် အမှုသည်တစ်ဦးဦး သို့မဟုတ် ရှေ့နေနှင့်ပတ်သက်မှုရှိခြင်း၊

(ဃ) တရားသူကြီး၏ ဇနီး/ခင်ပွန်း သို့မဟုတ် သားသမီးတစ်ဦးဦးသည် အငြင်းပွားမှုတွင် အမွေစား အမွေခံ၊ အမွေဆက်ခံရရှိသူ၊ မြီရှင် သို့မဟုတ် အခြားနည်းအားဖြင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်ရရှိမည့်သူဖြစ်ခြင်း သို့မဟုတ် အမှုသည်ဖြစ်ခြင်း သို့မဟုတ် အမှု၏ရလဒ်အပေါ် အဓိကအကျိုးသက်ရောက်သောသူ ဖြစ်ခြင်း။

အောက်ပါအကြောင်းကိစ္စများသည် အရည်အချင်းပျက်ယွင်းသည်ဟု မှတ်ယူရန် မသင့် -

(၁) ပေါ်ပေါက်လာသောအကြောင်းကိစ္စသည် အငြင်းပွားမှုဖြစ်နိုင်ခြေ နည်းပါးသောအသေးအဖွဲကိစ္စဖြစ်ကြောင်း သို့မဟုတ် အမှုကိစ္စကို ဆုံးဖြတ်နိုင်သည့် အရည်အချင်းပျက်ယွင်းကြောင်း ဖြစ်နိုင်ခြေရှိသော အချက်အလက်များကို အထောက်အကူမပြုကြောင်း မြင်သာလျှင် သို့မဟုတ်

(၂) အမှုနှင့်စပ်လျဉ်း၍ အခြားခုံရုံးဖွဲ့စည်းစစ်ဆေးဆောင်ရွက်နိုင်သော အခြေအနေမရှိလျှင် သို့မဟုတ် အရေးပေါ်အခြေအနေအရ ဆောင်ရွက်ရန်ပျက်ကွက်ခြင်းကြောင့် တရားစီရင်ရေးတိမ်းစောင်းမှုကို မဖြစ်ပေါ်စေလျှင်။

## အခန်း ၅။ ဖြောင့်မတ်တည်ကြည်မှု

အခြေခံမှု - မှန်ကန်သော တရားစီရင်ရေးတာဝန်ထမ်းဆောင်မှုတိုင်းအတွက် ဖြောင့်မတ်တည်ကြည်မှုသည် မရှိမဖြစ် လိုအပ်သည်။

### ဖြောင့်မတ်တည်ကြည်မှုအတွက် လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်သည် -

၁။ အကြောင်းအကျိုးလေ့လာသုံးသပ်တတ်သူတစ်ဦး၏အမြင်တွင် တရားသူကြီးတစ်ဦး၏ ပြုမူဆောင်ရွက်ချက်သည် အပြစ်ဆိုစရာမရှိအောင် သေချာမှုရှိရမည်။

၂။ တရားသူကြီးတစ်ဦး၏ ပြုမူဆောင်ရွက်ချက်သည် တရားစီရင်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအပေါ် ပြည်သူ၏ယုံကြည်ကိုးစားမှုကိုရရှိရန် ထပ်လောင်းအတည်ပြုခြင်း ဖြစ်စေရမည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရမည်။

## အခန်း ၆။ ဂုဏ်သိက္ခာရှိမှု

အခြေခံမှု - ဂုဏ်သိက္ခာရှိမှုနှင့် ဂုဏ်သိက္ခာရှိမှုကို ပေါ်လွင်စေခြင်းသည် တရားသူကြီးတစ်ဦး၏ လုပ်ဆောင်မှုတိုင်းအတွက် မရှိမဖြစ် လိုအပ်သည်။ တရားသူကြီးများသည် ပြည်သူလူထုက အစဉ်အမြဲ မှတ်ကျောက်တင်နေကြောင်းကို မျှော်မှန်းထားရမည်။ ထို့ကြောင့် တရားသူကြီးများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုပ်ဆောင်မှုသာမက အတတ်ပညာဆိုင်ရာဆောင်ရွက်မှုတို့တွင် ဂုဏ်သိက္ခာမရှိသော အပြုအမူအားလုံးနှင့် ဂုဏ်သိက္ခာမရှိကြောင်း ပေါ်လွင်စေသောအပြုအမူတို့ကို ရှောင်ကြဉ်ရမည်။ တရားသူကြီး၏ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများသည် ဖြောင့်မတ်တည်ကြည်မှုကို ရောင်ပြန်ဟပ်စေသည်ဖြစ်ရာ တရားသူကြီး၏ ကောင်းမွန်သောအပြုအမူနှင့် အမူအကျင့်တို့ဖြင့် ပြည်သူလူထု၏ ယုံကြည်မှုကို ရယူသင့်သည်။

**ဂုဏ်သိက္ခာရှိမှုအတွက် လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည် -**

၁။ မည်သည့်တရားသူကြီးကမျှ တရားစီရင်ရေးတာဝန်ထမ်းဆောင်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တရားစီရင်ရေးတာဝန်များနှင့် အထူးအခွင့်အရေးများကို အကျိုးအမြတ်ရယူ ခံစားခွင့် မရှိစေရ။

၂။ တရားသူကြီးသည် တာဝန်ထမ်းဆောင်ရာတွင် အမှုသည်၊ ရှေ့နေရှေ့ရပ်၊ အမှုနှင့်သက်ဆိုင်သူများထံမှ ဖျော်ဖြေမှု၊ ငွေ၊ လက်ဆောင်နှင့် အခြားမည်သည့်အရာတို့ကိုမျှ လက်ခံရယူခြင်းမပြုရ။

၃။ တရားသူကြီးသည် မည်သည့်စီးပွားရေးဆိုင်ရာလုပ်ငန်းကိစ္စများတွင်မှ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၄။ တရားသူကြီးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီစသည်တို့အတွက် ဥပဒေအကြံပေး သို့မဟုတ် ရှေ့နေအဖြစ် မဆောင်ရွက်ရ။

၅။ တရားသူကြီးများသည် တရားသူကြီးကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာရုံသာမက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေအရ ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများကိုပါ လိုက်နာရမည်။ တရားသူကြီးကျင့်ဝတ်နှင့် ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများအကြား ဝိရောဓိတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက တရားသူကြီးကျင့်ဝတ်ကိုသာ လိုက်နာရမည်။

၆။ မိမိယုံကြည်ရာ နိုင်ငံရေးလှုပ်ရှားမှုအားလုံးကို တရားသူကြီးအဖြစ် ခန့်အပ်ထားခံရသည်နှင့် ရပ်စဲစေရမည်။ သင့်တင့်သော ဉာဏ်ပညာအမြော်အမြင်ရှိသူတစ်ဦးဦးက တရားသူကြီးသည် နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်နေသည်ဟု ထင်မြင်စေသောအပြုအမူမျိုးကို ရှောင်ကြဉ်သင့်သည်။

၇။ တရားသူကြီးများသည် အောက်ပါကိစ္စရပ်များကို ရှောင်ကြဉ်ရမည် -

(က) နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးရန်ပုံငွေစုဆောင်းခြင်းတို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၊

(ခ) နိုင်ငံရေးဆိုင်ရာစုဝေးပွဲသို့ တက်ရောက်ခြင်းနှင့် နိုင်ငံရေးရန်ပုံငွေရှာဖွေစုဆောင်းပွဲများသို့ တက်ရောက်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများ သို့မဟုတ် ပါတီလှုပ်ရှားမှုများတွင် ငွေကြေးထည့်ဝင်ခြင်း၊

(ဃ) တရားရုံးလုပ်ငန်းကိစ္စများကို တိုက်ရိုက်အကျိုးသက်ရောက်စေသည့်ကိစ္စများ သို့မဟုတ် တရားစီရင်ရေးလွတ်လပ်မှု သို့မဟုတ် တရားစီရင်ရေးစီမံခန့်ခွဲမှု၏ အခြေခံအကြောင်းအရာများမှလွဲ၍ အငြင်းပွားဖွယ်ရာဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် လူသိရှင်ကြားပါဝင်ဆောင်ရွက်ခြင်း၊

(င) နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်ကို လွှမ်းမိုးရန်အလို့ငှာ အသနားခံလွှာများ၊ လျှောက်လွှာများတွင် လက်မှတ်ရေးထိုးခြင်း။

၈။ တရားသူကြီး၏မိသားစုဝင်များသည် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများတွင် ဆောင်ရွက်ခွင့်ရှိသော်လည်း အနီးဆုံးမိသားစုဝင်များ၏ ယင်းကဲ့သို့သော နိုင်ငံရေးလှုပ်ရှားမှုသည် တရားသူကြီး၏ သမာသမတ်ကျမှုကို ပြည်သူများအမြင်တွင် မှားယွင်းစွာ သို့မဟုတ် ဆန့်ကျင်စွာ အကျိုးသက်ရောက်စေနိုင်ကြောင်း တရားသူကြီးများက နားလည်သဘောပေါက်သင့်သည်။ တရားရုံးရှေ့သို့ ရောက်ရှိလာသော မည်သည့်အမှုတွင်မဆို တရားသူကြီး၏သမာသမတ်ကျမှုကို ပြည်သူအမြင်တွင် မှားယွင်းစွာ သို့မဟုတ် ဆန့်ကျင်စွာ အကျိုးသက်ရောက်စေကြောင်း ကျိုးကြောင်းဆီလျော်စွာ သိမြင်နိုင်ပါက တရားသူကြီးသည် အမှုကိုစစ်ဆေးရန် အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း မိမိကိုယ်တိုင်ဖော်ထုတ်ရမည်။

၉။ တရားသူကြီးသည် မိမိရုံးတွင် လိုက်ပါဆောင်ရွက်လျက်ရှိသော ရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများ၊ အခြားသက်ဆိုင်သောသူများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာဆက်ဆံရေးမျိုးကို ရှောင်ကြဉ်ရမည်။

၁၀။ တရားသူကြီးတစ်ဦးသည် မိမိ၏မိသားစုနှင့် ဆွေမျိုးသားချင်းတို့ အမှုသည်အဖြစ် ပါဝင်နေသည့် အမှုများကို မိမိကိုယ်တိုင်စစ်ဆေးခြင်းမပြုရ။ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ အမှုရလဒ်ကို ထိခိုက်စေနိုင်သည့် မသင့်လျော်သောဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်ခြင်းကို မပြုလုပ်ရ။

၁၁။ တရားသူကြီးတစ်ဦးသည် အမှုအတွင်း ပွင့်လင်းမြင်သာသောပြုမူဆောင်ရွက်မှုမှလွဲ၍ အမှုနှင့် သက်ဆိုင်သူတစ်ဦးဦးနှင့် တွေ့ဆုံခြင်း သို့မဟုတ် ဆွေးနွေးခြင်းမပြုရ။

၁၂။ တရားသူကြီးတစ်ဦးသည် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် မည်သည့်အပြုအမူကိုမဆို ရှောင်ကြဉ်ရမည်။

၁၃။ တရားစီရင်ရေးတာဝန်နှင့် ဆက်စပ်သောကိစ္စများမှလွဲ၍ လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြသခြင်းတို့ကို မပြုလုပ်ရ။

၁၄။ တရားသူကြီးတစ်ဦး၏ ငွေကြေးဆိုင်ရာလုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်မှုသည် တရားစီရင်ရေးတာဝန်ထမ်းဆောင်ရာတွင် ၎င်း၏အရည်အချင်းကို လျော့ပါးစေနိုင်ပြီး၊ ပြည်သူအများ၏ ယုံကြည်ကိုးစားမှုတွင် ၎င်း၏ပုံရိပ်ကိုပါ ထပ်မံထိခိုက်စေနိုင်ပါသည်။ အလားတူပင် တရားသူကြီးတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများတွင် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူများနှင့် ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ခြင်းမပြုသင့်ပါ။ (ဥပဒေရေးရာစာအုပ်၊ စာတမ်းရေးသားထုတ်ဝေခြင်း သို့မဟုတ် ဝါသနာအရ လုပ်ရှားဆောင်ရွက်မှုများ သို့မဟုတ် မိသားစုတစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်း သို့မဟုတ် အလားတူ ဆောင်ရွက်ခြင်းမျိုးသည် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအနေဖြင့် အဓိပ္ပာယ်မသက်ရောက်ပါ။)

၁၅။ တရားသူကြီး၏တရားစီရင်ရေးနှင့်မသက်ဆိုင်သော ပြင်ပလှုပ်ရှားမှုများသည် ၎င်း၏သမာသမတ်ရှိခြင်း၊ ရိုးသားခြင်းအပေါ် ပြည်သူများက ယုံကြည်ကိုးစားမှုကို ဆုတ်ယုတ်လျော့ပါးစေနိုင်သည်။ တရားစီရင်ရေးနှင့်မသက်ဆိုင်သော ပြင်ပလှုပ်ရှားမှုများတွင် တရားရုံး၏ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း သို့မဟုတ် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို လွှမ်းမိုးခြင်း၊ တရားသူကြီး၏သမာသမတ်ကျမှုကို ထိခိုက်ခြင်းတို့ မရှိသရွေ့ တရားသူကြီးတစ်ဦးသည် ပါဝင်ဆောင်ရွက်နိုင်သည်။ အထူးသဖြင့် တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးနှင့် မသက်ဆိုင်သော ပြင်ပလှုပ်ရှားမှုများတွင် တရားဥပဒေ၊ တရားဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှု သို့မဟုတ် ဖော်ပြပါအချက်များနှင့် စပ်လျဉ်း၍ ပြည်သူလူထုနားလည်သဘောပေါက်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည်။ တရားစီရင်ရေးတာဝန်များကို သေချာစွာ ထမ်းဆောင်နေသော တရားသူကြီးတစ်ဦးအနေဖြင့် အောက်ဖော်ပြပါ ဥပဒေရေးရာနှင့် ဆက်စပ်သော လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အငြင်းပွားမှုကို ဆုံးဖြတ်ရာတွင် သမာသမတ်ကျစွာ ဆုံးဖြတ်ဆောင်ရွက်နိုင်သော တရားသူကြီး၏အရည်အချင်းပေါ်တွင် သံသယဖြစ်ဖွယ် မရှိပါ -

(က) တရားသူကြီးတစ်ဦးသည် တရားဥပဒေ၊ တရားဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်းသော လှုပ်ရှားဆောင်ရွက်မှုများတွင် ပြောဆိုရေးသားပို့ချ သင်ကြားခြင်းကို ဆောင်ရွက်နိုင်သည်။

(ခ) တရားသူကြီးတစ်ဦးသည် တရားဥပဒေ၊ တရားဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်းသောကိစ္စများအပေါ် အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေပြုအဖွဲ့အစည်း သို့မဟုတ် အခြားအစိုးရဌာနတို့နှင့်ပူးပေါင်း၍ အများပြည်သူဆိုင်ရာ နေရာတွင် သွားရောက်နိုင်သည် သို့မဟုတ် အကြံပြုနိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် တရားသူကြီးတစ်ဦးအနေဖြင့် တရားစီရင်ရေးအတွေ့အကြုံများကို ဖြန့်ဝေပေးသည်ဟု အများက ထင်မြင်ပေလိမ့်မည်။

(ဂ) တရားသူကြီးတစ်ဦးသည် တရားဥပဒေ၊ တရားဥပဒေစနစ်နှင့် တရားစီရင်ရေး ဆိုင်ရာစီမံခန့်ခွဲမှု တိုးတက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် အစိုးရနှင့်သက်ဆိုင်သောအဖွဲ့အစည်းတစ်ခုခုတွင် အဖွဲ့ဝင် သို့မဟုတ် အရာရှိ သို့မဟုတ် ညွှန်ကြားသူအဖြစ် တာဝန်ထမ်းဆောင်နိုင်သည်။

၁၆။ တရားသူကြီးတစ်ဦးသည် သတင်းမီဒီယာများနှင့် ဆက်သွယ်တွေ့ဆုံရသည့်အခါ ပြဌာန်းထားသော တရားရုံးသတင်းမီဒီယာလက်စွဲအတိုင်း ရည်ညွှန်းဆောင်ရွက်ရမည်။

၁၇။ တရားသူကြီးများသည် အမှုသည်များ၊ သက်သေများ၊ ရှေ့နေရှေ့ရပ်များ၊ တရားရုံးနှင့် ဆက်ဆံနေကြသော အခြားသူများအပေါ် စိတ်ရှည်သည်းခံ၍ သိက္ခာရှိရှိနှင့် ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံရမည်။ တရားသူကြီးများသည် ဥပဒေအရ ကိုယ်စားပြုသူများ၊ တရားရုံးဝန်ထမ်းများနှင့် အခြားသူများအပေါ်တွင်လည်း အလားတူပြုမူဆက်ဆံရန် လိုအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) မှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ကြည် အား အဆိုပါ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ၊ လုံခြုံ/နယ်မြေ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)

၁။ တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်နိုင်ရေး နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့သည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇၅/၂၀၁၆) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေး၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ပဲခူးတိုင်းဒေသကြီးမှ အစိတ်အပိုင်းလည်း ပါဝင်ပါသဖြင့်

ပဲခူးတိုင်းဒေသကြီးမှ ကိုယ်စားလှယ်များ ပါဝင်သင့်ပါကြောင်း အကြံပြုချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂) ဦးအား ကော်မတီအဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်ပါသည် -

(က) ဦးဌေးအောင်
ညွှန်ကြားရေးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဦးကျော်သန်း
လက်ထောက်ညွှန်ကြားရေးမှူး
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးချုပ် (နေပြည်တော်) ဘူမိဗေဒစီမံကိန်း ဆောင်ရွက်ရေးဌာနစုမှ လက်ထောက်ဘူမိဗေဒအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးလှဆန်းညွှန့် အား ညွှန်ကြားရေးမှူးရုံး (ရန်ကုန်) ရှိ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀- ၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့

ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အောက်ပါအရာထမ်း (၂) ဦးအား ယှဉ်တွဲ ဖော်ပြပါရာထူး နေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း/ဌာန | တိုးမြှင့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| (၁) | ဦးခွန်ငွေးကျော် | လက်ထောက်ညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) စီမံဌာန | ဒုတိယညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) စီမံဌာန |
| (၂) | ဒေါ်ထိပ်တင်နိုင် | လက်ထောက်ညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ငွေစာရင်းဌာန | ဒုတိယညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ငွေစာရင်းဌာန |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ ရုံးချုပ်၊ ငွေစာရင်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး (ငွေ) လစာနှုန်း (၃၄၀,၀၀၀- ၄,၀၀၀-၃၆၀,၀၀၀) ဦးဝင်းမြင့် အား အသက် (၆၀) နှစ်မပြည့်မီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၂၈ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ အများပြည်သူအကျိုးငှာ ငြိမ်းပယ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၇)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ ၂/၄၃၁-ပြောင်းရွှေ့/ အဖရ (၂၀၁၇) နှင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ ဌာနစုမှူး (စီမံ) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဒေါ်နော်မာလေး အား လစာနှုန်းတူရာထူးဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင် စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၃) ဖြင့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ထုတ်လုပ်မှုအပေါ် ရတနာခွန်များ ကောက်ခံနိုင်ရန်အတွက် တန်ဖိုးဖြတ်အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ မိုးကုတ်ရတနာနယ်မြေ တန်ဖိုးဖြတ်အဖွဲ့၊ အဖွဲ့ (၁)၊

(၂)၊ (၃) နှင့် တတိယအဖွဲ့ (Third Party) တို့မှ အဖွဲ့ဝင်တို့ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးက သဘောတူဆုံးဖြတ်ပြီးဖြစ်ပါ၍ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

**မိုးကုတ်ရတနာနယ်မြေ (တန်ဖိုးဖြတ်အဖွဲ့)**

**(၁) မိုးကုတ်တန်ဖိုးဖြတ်အဖွဲ့ (၁)**

| | | | |
|---|---|---|---|
| (က) | ဦးနေမျိုးဇော်<br>အဖွဲ့ဝင်<br>မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>ကိုယ်စားလှယ် | (အစား) | ဦးကံထူး<br>အဖွဲ့ဝင်<br>မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>ကိုယ်စားလှယ် |
| (ခ) | ဦးဘငွေး<br>အဖွဲ့ဝင်<br>လယ်ဦးရပ်၊ မိုးကုတ်မြို့<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>လွှတ်တော်ကိုယ်စားလှယ် | (အစား) | ဦးစောသောင်းတင်<br>အဖွဲ့ဝင်<br>မဲဆန္ဒနယ်အမှတ် (၂)၊ မိုးကုတ်မြို့<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>လွှတ်တော်ကိုယ်စားလှယ် |
| (ဂ) | ဦးမြင့်သူ<br>အဖွဲ့ဝင်<br>မြို့နယ်အခွန်များဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | (အစား) | ဦးမျိုးနိုင်<br>အဖွဲ့ဝင်<br>မြို့နယ်အခွန်များဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| (ဃ) | ဒေါ်နန်းနွယ်/ဒေါ်မြဦး<br>အဖွဲ့ဝင်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် | (အစား) | ဦးရွှေခင်<br>အဖွဲ့ဝင်<br>ထင်းရှူးခြံရပ်၊ မိုးကုတ်မြို့<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် |

**(၂) တတိယအဖွဲ့ (Third Party) မိုးကုတ်တန်ဖိုးဖြတ်အဖွဲ့ (၁)**

| | | | |
|---|---|---|---|
| (က) | ဦးရွှေခင်<br>ဥက္ကဋ္ဌ<br>ထင်းရှူးခြံရပ်၊ မြို့မရပ်<br>မိုးကုတ်မြို့<br>မြို့နယ်မှရွေးချယ်သည့်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် | (အစား) | ဦးရမ်းဗဟာဒူး<br>ဥက္ကဋ္ဌ<br>ဗဟိုအလုပ်အမှုဆောင်<br>မြို့နယ်မှရွေးချယ်သည့်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် |
| (ခ) | ဦးပေါ်ကြည်<br>အဖွဲ့ဝင်<br>အောင်ချမ်းသာရပ်၊<br>ရွာလီဝိုင်းရပ်ကွက်၊ မိုးကုတ်မြို့<br>မြို့နယ်မှရွေးချယ်သည့်ရပ်မိရပ်ဖ<br>ကိုယ်စားလှယ် | (အစား) | ဦးမြင့်အောင်<br>အဖွဲ့ဝင်<br>အလုပ်အမှုဆောင်<br>မြို့နယ်မှရွေးချယ်သည့်ရပ်မိရပ်ဖ<br>ကိုယ်စားလှယ် |

| | | | |
|---|---|---|---|
| (ဂ) | ဦးဟိုမနပ်<br>အဖွဲ့ဝင်<br>ကျောက်မျက်ရတနာလုပ်ငန်းရှင်များ<br>အသင်း<br>ကျောက်မျက်လုပ်ငန်းရှင်အသင်း<br>ကိုယ်စားလှယ် | (အစား) | ဒေါ်စန်းသုဟန်<br>အဖွဲ့ဝင်<br>အလုပ်အမှုဆောင်<br>ကျောက်မျက်လုပ်ငန်းရှင်အသင်း<br>ကိုယ်စားလှယ် |
| (ဃ) | ဦးကျော်သူထွန်း<br>အဖွဲ့ဝင်<br>ပတ္တမြားရပ်၊ အရှေ့ပိုင်း<br>မိုးကုတ်မြို့<br>ကျောက်မျက်ကျွမ်းကျင်သူပညာရှင် | (အစား) | ဦးဟိုမနပ်<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်ကျွမ်းကျင်သူပညာရှင် |
| (င) | ဦးဝင်းကို<br>အဖွဲ့ဝင်<br>ပန်းမ၊ ကျောက်သပိတ်ရပ်၊<br>အနောက်ပိုင်း၊ မိုးကုတ်မြို့<br>ကျောက်မျက်လုပ်ငန်းရှင် | (အစား) | ဦးလှမျိုးအောင်<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်လုပ်ငန်းရှင် |

**(၃) မိုးကုတ်တန်ဖိုးဖြတ်အဖွဲ့ (၂)**

| | | | |
|---|---|---|---|
| (က) | ဦးထွန်းဝေ<br>ဥက္ကဋ္ဌ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း | (အစား) | ဦးအောင်ကျော်မိုး<br>ဥက္ကဋ္ဌ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း |
| (ခ) | ဦးအောင်ငွေးဝင်း<br>အဖွဲ့ဝင်<br>ဒုတိယဦးစီးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>ကိုယ်စားလှယ် | (အစား) | ဦးစိုးမြင့်<br>အဖွဲ့ဝင်<br>ကျေးရွာအုပ်ချုပ်ရေးမှူး<br>ရှောလီဝိုင်းကျေးရွာအုပ်စု<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>ကိုယ်စားလှယ် |
| (ဂ) | ဦးမြင့်အောင်<br>အဖွဲ့ဝင်<br>ပန်းမရပ်၊ ကျပ်ပြင်ကျေးရွာ<br>မိုးကုတ်မြို့<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>လွှတ်တော်ကိုယ်စားလှယ် | (အစား) | ဦးစောသောင်းတင်<br>အဖွဲ့ဝင်<br>မဲဆန္ဒနယ်အမှတ် (၂)၊ မိုးကုတ်မြို့<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>လွှတ်တော်ကိုယ်စားလှယ် |
| (ဃ) | ဦးရဲထက်<br>အဖွဲ့ဝင်<br>ဒုတိယမြို့နယ်အခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | (အစား) | ဦးရဲမိုးမြ<br>အဖွဲ့ဝင်<br>ဒုတိယဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန |

| | | | |
|---|---|---|---|
| ( င) | ဦးကျော်စိန်<br>အဖွဲ့ဝင်<br>ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း<br>ကျောက်မျက်လုပ်ငန်းရှင်<br>ကိုယ်စားလှယ် | (အစား) | ဦးပါ<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်လုပ်ငန်းရှင်<br>ကိုယ်စားလှယ် |
| (စ) | ဒေါက်တာခင်ဇော်/ဦးသိန်းထွန်း<br>အဖွဲ့ဝင်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် | (အစား) | ဦးချိုတူး<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် |
| (ဆ) | ဦးဝင်းဗိုလ်<br>အတွင်းရေးမှူး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း | (အစား) | ဦးဝင်းဌေး<br>အတွင်းရေးမှူး<br>ဒုတိယလက်ထောက်<br>ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း |

## (၄) တတိယအဖွဲ့ (Third Party)၊ မိုးကုတ်တန်ဖိုးဖြတ်အဖွဲ့ (၂)

| | | | |
|---|---|---|---|
| (က) | ဦးကမ်ကိုကြီး<br>ဥက္ကဋ္ဌ<br>ရှမ်းစုရပ်၊ မြို့မရပ်ကွက်၊<br>မိုးကုတ်မြို့<br>မြို့နယ်မှရွေးချယ်သည့်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် | (အစား) | ဦးရမ်းဗဟာဒူး<br>ဥက္ကဋ္ဌ<br>ဗဟိုအလုပ်အမှုဆောင်<br>မြို့နယ်မှရွေးချယ်သည့်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် |
| (ခ) | ဦးအေးဆောင်<br>အဖွဲ့ဝင်<br>အောင်မင်္ဂလာရပ်၊<br>ရှောလီဝိုင်းရပ်ကွက်၊ မိုးကုတ်မြို့<br>မြို့နယ်မှရွေးချယ်သည့်ရပ်မိရပ်ဖ<br>ကိုယ်စားလှယ် | (အစား) | ဦးမြင့်အောင်<br>အဖွဲ့ဝင်<br>အလုပ်အမှုဆောင်<br>မြို့နယ်မှရွေးချယ်သည့် ရပ်မိရပ်ဖ<br>ကိုယ်စားလှယ် |
| (ဂ) | ဒေါ်သန်းသန်းစိုး<br>အဖွဲ့ဝင်<br>ရွှေဘုံသာရပ်၊ မိုးကုတ်မြို့<br>ကျောက်မျက်လုပ်ငန်းရှင်အသင်း<br>ကိုယ်စားလှယ် | (အစား) | ဒေါ်စန်းသုဟန်<br>အဖွဲ့ဝင်<br>အလုပ်အမှုဆောင်<br>ကျောက်မျက်လုပ်ငန်းရှင်အသင်း<br>ကိုယ်စားလှယ် |
| (ဃ) | ဦးခင်ဇော်<br>အဖွဲ့ဝင်<br>အောင်ချမ်းသာရပ်၊ မိုးကုတ်မြို့<br>ကျောက်မျက်ကျွမ်းကျင်သူပညာရှင် | (အစား) | ဦးဟိုမနပ်<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်ကျွမ်းကျင်သူပညာရှင် |

| | | | |
|---|---|---|---|
| (င) | ဦးရမ်းဗဟာဒူး<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ရွှေကူရပ်၊ မိုးကုတ်မြို့<br>ကျောက်မျက်လုပ်ငန်းရှင် | (အစား) | ဦးဂန်ဂါရမ်း<br>အဖွဲ့ဝင်<br>အလုပ်အမှုဆောင်<br>ကျောက်မျက်လုပ်ငန်းရှင် |

**(၅) မိုးကုတ်တန်ဖိုးဖြတ်အဖွဲ့ (၃)**

| | | | |
|---|---|---|---|
| (က) | ဦးလှအောင်<br>ဥက္ကဋ္ဌ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း | (အစား) | ဦးဝင်းဗိုလ်<br>ဥက္ကဋ္ဌ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း |
| (ခ) | ဦးမင်းအောင်<br>အဖွဲ့ဝင်<br>ဒုတိယဦးစီးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>ကိုယ်စားလှယ် | (အစား) | ဦးခင်မောင်မြင့်<br>အဖွဲ့ဝင်<br>ဆယ်အိမ်စုကိုယ်စားလှယ်<br>ဂေါင်းဦးဘာရပ်ကွက်၊<br>ကျပ်ပြင်ကျေးရွာအုပ်စု<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>ကိုယ်စားလှယ် |
| (ဂ) | ဦးသန်းအောင်<br>အဖွဲ့ဝင်<br>ကဘဲ့ရပ်ကွက်၊ သပိတ်ကျင်းမြို့နယ်<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>လွှတ်တော်ကိုယ်စားလှယ် | (အစား) | ဦးစောသောင်းတင်<br>အဖွဲ့ဝင်<br>မဲဆန္ဒနယ်အမှတ် (၂)၊ မိုးကုတ်မြို့<br>တိုင်းဒေသကြီးအစိုးရအဖွဲ့<br>လွှတ်တော်ကိုယ်စားလှယ် |
| (ဃ) | ဒေါ်အုန်းကြည်/ဒေါ်ခင်မာဌေး<br>အဖွဲ့ဝင်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် | (အစား) | ဦးချိုတူး<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် |
| (င) | ဦးမောင်မောင်သိုက်<br>အတွင်းရေးမှူး<br>ဘူမိဗေဒလက်ထောက်-၂<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း | (အစား) | ဦးနေလင်းအောင်<br>အတွင်းရေးမှူး<br>ဘူမိဗေဒလက်ထောက်-၂<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း |

**(၆) တတိယအဖွဲ့ (Third Party)၊ မိုးကုတ်တန်ဖိုးဖြတ်အဖွဲ့ (၃)**

| | | | |
|---|---|---|---|
| (က) | ဦးလွင်မြင့်<br>ဥက္ကဋ္ဌ<br>ပန်းမရပ်၊ ကျပ်ပြင်ကျေးရွာအုပ်စု<br>မိုးကုတ်မြို့<br>မြို့နယ်မှရွေးချယ်သည့်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် | (အစား) | ဦးရမ်းဗဟာဒူး<br>ဥက္ကဋ္ဌ<br>ဗဟိုအလုပ်အမှုဆောင်<br>မြို့နယ်မှရွေးချယ်သည့်<br>ကျောက်မျက်ကျွမ်းကျင်သူ<br>ကိုယ်စားလှယ် |

| | | | |
|---|---|---|---|
| (ခ) | ဦးဝင်းဖေ<br>အဖွဲ့ဝင်<br>ပန်းမရပ်၊ ကျပ်ပြင်ကျေးရွာအုပ်စု<br>မိုးကုတ်မြို့<br>မြို့နယ်မှရွေးချယ်သည့် ရပ်မိရပ်ဖ<br>ကိုယ်စားလှယ် | (အစား) | ဦးမြင့်အောင်<br>အဖွဲ့ဝင်<br>အလုပ်အမှုဆောင်<br>မြို့နယ်မှရွေးချယ်သည့် ရပ်မိရပ်ဖ<br>ကိုယ်စားလှယ် |
| (ဂ) | ဦးအုန်းကျော်<br>အဖွဲ့ဝင်<br>ဂေါင်းဦးဘာရပ်၊ အနောက်ပိုင်း၊<br>မိုးကုတ်မြို့<br>ကျောက်မျက်လုပ်ငန်းရှင်အသင်း<br>ကိုယ်စားလှယ် | (အစား) | ဒေါ်ဟွေရင်<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်လုပ်ငန်းရှင်အသင်း<br>ကိုယ်စားလှယ် |
| (ဃ) | ဦးဇော်မင်းနောင်<br>အဖွဲ့ဝင်<br>ကျပ်ပြင်မြို့မရပ်၊ အနောက်ပိုင်း၊<br>မိုးကုတ်မြို့<br>ကျောက်မျက်ကျွမ်းကျင်သူပညာရှင် | (အစား) | ဦးဟိုမနပ်<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်ကျွမ်းကျင်သူပညာရှင် |
| (င) | ဦးဇော်မင်းဦး<br>အဖွဲ့ဝင်<br>ကျပ်ပြင်ဈေးရပ်၊ အနောက်ပိုင်း၊<br>မိုးကုတ်မြို့<br>ကျောက်မျက်လုပ်ငန်းရှင် | (အစား) | ဒေါ်မေပွင့်သော်<br>အဖွဲ့ဝင်<br>ဗဟိုအလုပ်အမှုဆောင်<br>ကျောက်မျက်လုပ်ငန်းရှင် |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ကြိမ်မြောက်မှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန် အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ဤဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနတွင် ကျွမ်းကျင်သူအဖြစ် လစဉ်ချီးမြှင့်ငွေ (၂၅၀,၀၀၀) ဖြင့် (၁) နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

၂။ ဦးဝင်းထိန် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်မပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေခြင်းကြောင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၇၃၊ နည်းဥပဒေခွဲ (စ) တို့အရ ငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့်အတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင် ဒေသအဖြစ် သတ်မှတ်ခံရရန် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းသို့ အမည်စာရင်းတင်သွင်းနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းပညာရှင်များ၊ နိုင်ငံတကာမှပညာရှင်များ၊ ပြည်ပနိုင်ငံများမှ သဘာဝအမွေအနှစ်ဆိုင်ရာ ပညာရှင်များ ပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း/ပြည်ပ ပညာရှင်အဖွဲ့ (National and International Expert Team) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | |
|---|---|
| (၁) ဦးခင်မောင်ဇော်<br>ပါမောက္ခချုပ် (အငြိမ်းစား)<br>သစ်တောတက္ကသိုလ် | ဥက္ကဋ္ဌ |
| (၂) ဦးထွန်းပေါ်ဦး<br>ညွှန်ကြားရေးမှူး (အငြိမ်းစား)<br>သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ဦးသန်းမြင့်<br>ဌာနေတာဝန်ခံ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့<br>မြန်မာနိုင်ငံအစီအစဉ် | အဖွဲ့ဝင် |
| (၄) ဒေါက်တာစောလွင်<br>သစ်ခွပညာရှင်<br>မြန်မာပန်းဝါသနာရှင်များအသင်း | အဖွဲ့ဝင် |
| (၅) ဦးသိန်းအောင်<br>ငှက်ပညာရှင်<br>မြန်မာငှက်ဝါသနာရှင်များအသင်း | အဖွဲ့ဝင် |
| (၆) ဦးစောထွန်း<br>ဒုတိယဌာနေတာဝန်ခံ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့<br>မြန်မာနိုင်ငံအစီအစဉ် | အဖွဲ့ဝင် |
| (၇) ကိုယ်စားလှယ်<br>ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်<br>မြန်မာနိုင်ငံ | အဖွဲ့ဝင် |
| (၈) Mr. Koen Meyer<br>Independent Consultant<br>Nairobi, Kenya | အဖွဲ့ဝင် |

(၉) Mr. Robert Tizard　အဖွဲ့ဝင်
Senior Technical Advisor
Wildlife Conservation Society

(၁၀) Mr. Peter Hitchcock　အဖွဲ့ဝင်
International Expert, Old Cassowary Consulting,
Cairns, Australia

(၁၁) Dr. Swen C.Renner　အဖွဲ့ဝင်
Senior Research Scientist
University of Natural Resource and Life Science
Vienna, Austrila

၂။ ပြည်တွင်း/ပြည်ပပညာရှင်အဖွဲ့ (National and International Expert Team) ၏ လုပ်ငန်းတာဝန်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ကမ္ဘာ့အမွေအနှစ်ကွန်ဗင်းရှင်းမှ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့်အညီ ရေးသားပြုစုထားသည့် အမည်စာရင်းတင်သွင်းမှုပုံစံ (Nomination Dossier) တွင် ပါဝင်သည့် သမိုင်းဆိုင်ရာအထောက်အထားများကို မှန်ကန်မှုရှိစေရေးစိစစ်ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများ၊ ယူနက်စကိုမှ ချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များ Criterions on Statement of Outstanding Universal Value (SOUV) နှင့် ကိုက်ညီသည့် အမည်စာရင်းတင်သွင်းမှုပုံစံ (Nomination Dossier) ဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ပြည်ပမှပညာရှင်များသည် ခါကာဘိုရာဇီသဘာဝအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

### အမျိုးသားဥယျာဉ်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်တွင် ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ-၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၄၂၆၀) ဧက၊ (၁၁၆.၀၃) စတုရန်းမိုင်ရှိသည့် နယ်မြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **“အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ်”** အဖြစ် (၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်) မှစတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

## နယ်နိမိတ်လားရာဖော်ပြချက်

၂။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

မြောက်ဘက်။ ဖုန်အင်ချောင်းနှင့် လှည်းလမ်းဆုံရာ မြေပုံညွှန်းအမှတ် 92G6-D 071878 မှ ဖုန်အင်ချောင်းအတိုင်း အရှေ့မြောက်ဘက် (၉) မိုင် (၅) ဖာလုံခန့်အကွာ ဖုန်အင်ချောင်းဘေး မြေပုံညွှန်းအမှတ် 92G5-D194987 ထိ။

အရှေ့ဘက်။ ဖုန်အင်ချောင်းဘေး မြေပုံညွှန်းအမှတ် 92G5-D194987 မှ တောင်ဘက်သို့ (၁) မိုင် (၆) ဖာလုံခန့်အကွာ မြေပုံညွှန်းအမှတ် 92G5-D200961 ထိ၊ ၎င်းမှ တောင်ဘက်သို့ (၂) မိုင် (၂) ဖာလုံခန့်အကွာ မြေပုံညွှန်းအမှတ် 92G5-D200920 ထိ၊ ၎င်းမှ တောင်ဘက်သို့ (၉) မိုင်ခန့်အကွာ လုံဂါဖွပ်ရွာ၏ အနောက်ဘက် အောင်မြင်သာစံပြကျေးရွာနေ တောင်သူများ၏ (၂) ဧကစီ စိုက်ကွက်များ၏ အနောက်ဘက် နယ်နိမိတ်အတိုင်း မြေပုံညွှန်းအမှတ် 92G6-D196770 ထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၆) ဖာလုံခန့်အကွာ (စီးဆန်းစတားကုမ္ပဏီစိုက်ပျိုးမြေအနီး) မြေပုံညွှန်းအမှတ် 92G6-D203764 ထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်အကွာ (နာရောင်ချောင်းဘေး) (တောင်သူများစိုက်ပျိုးထားသည့်တောင်ယာအနီး) မြေပုံညွှန်းအမှတ် 92G6-D186761 ထိ၊ ၎င်းမှ တောင်ဘက်သို့ (၁) မိုင်ခန့်အကွာ (ဦးဒေးဗစ်ဆိုင်း၏ စိုက်ပျိုးမြေအနီး) မြေပုံညွှန်းအမှတ် 92G6-D186743 ထိ၊ ၎င်းမှ တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်အကွာ မြေပုံညွှန်းအမှတ် 92G6-D187721 ထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်အကွာ ဆုတောင်းပြည့်ကားတိုင်တောင်ထိပ်၏ အနောက်မြောက်ဘက် မြေပုံညွှန်းအမှတ် 92G6-D176706 ထိ၊ ၎င်းမှ တောင်ဘက်သို့ (၂) ဖာလုံခန့်အကွာ ဆုတောင်းပြည့်ကားတိုင်တောင်ထိပ်၏ အနောက်တောင်ဘက် မြေပုံညွှန်းအမှတ် 92G6-D174700 ထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်အကွာ (တောင်သူဦးလမြာဝူ၏ခြံထောင့်) မြေပုံညွှန်းအမှတ် 92G6-D193688 ထိ၊ ၎င်းမှတောင်ဘက်သို့ (၂) ဖာလုံခန့်အကွာ (တောင်သူဦးလမြာဝူ၏ခြံထောင့်) မြေပုံညွှန်းအမှတ် 92G6-D194683 ထိ၊ ၎င်းမှ တောင်ဘက်သို့ (၂) ဖာလုံခန့်အကွာ မြေပုံညွှန်းအမှတ် 92G6-D192679 ထိ၊ ၎င်းမှ တောင်ဘက်သို့ ပေ (၃၀၀) ခန့်အကွာ အူဗျစ်ရေထိန်းသိမ်းရေးတဲအနီး မြေပုံညွှန်းအမှတ် 92G6-D192678 ထိ၊ ၎င်းမှ အနောက်ဘက်သို့ ပေ (၆၀၀) ခန့်အကွာ လမုန်ချောင်းဘေး မြေပုံညွှန်းအမှတ် 92G6-D188678 ထိ၊ ၎င်းမှတောင်ဘက်သို့ ပေ (၆၀၀) ခန့်အကွာ လမုန်ချောင်းဘေး မြေပုံညွှန်းအမှတ် 92G6-D188677 ထိ၊ ၎င်းမှအရှေ့ဘက်သို့ ပေ (၃၀၀) ခန့်အကွာ မြေပုံညွှန်းအမှတ် 92G6-D191676 ထိ၊ ၎င်းမှအရှေ့မြောက်ဘက်သို့ ပေ (၆၀၀) ခန့်အကွာ မြေပုံညွှန်းအမှတ် 92G6-D193677 ထိ၊ ၎င်းမှ တောင်ဘက်သို့ ပေ (၅၀၀) ခန့်အကွာ (တောင်သူဦးလာမေတား၏ခြံထောင့်) မြေပုံညွှန်းအမှတ် 92G6-D192675 ထိ။

တောင်ဘက်။ မြေပုံညွှန်းအမှတ် 92G6-D192675 မှ (၂) ဖာလုံခန့်အကွာ တောင်သူ ဦးလာမေတား၏ အနောက်ခြံထောင့် မြေပုံညွှန်းအမှတ် 92G6-D187675 ထိ၊ ၎င်းမှတောင်ဘက်သို့ ပေ (၁၅၀၀) ခန့်အကွာ မြေပုံညွှန်းအမှတ် 92G6-D186671 ထိ၊ ၎င်းမှ အနောက်ဘက်သို့ ပေ (၁၅၀၀) ခန့်အကွာ၊ နောင်နန်းကျေးရွာအုပ်စု လိုင်ကြုံတောင်တန်းပေါ်ရှိ လဘန်ရော်ဇနာ CF လျှောက်ထားမြေနယ်နိမိတ်နှင့် ဂေါ်နန်အဖွဲ့ CF လျှောက်ထားမြေနယ်နိမိတ်နယ်စပ်ရှိ မြေပုံညွှန်းအမှတ် 92G6-D182671 ထိ၊ ၎င်းမှအနောက်မြောက်

ဘက်သို့ (၁) မိုင်ခန့်ကွာ ဂေါ်နန်အဖွဲ့ CF လျှောက်ထားမြေ နယ်နိမိတ်အဆုံး မြေပုံညွှန်းအမှတ် 92G6-D175678 ထိ၊ ၎င်းမှ အနောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့် အကွာ တောင်သူဦးလာနေဆီး၏ခြံစပ် မြေပုံညွှန်းအမှတ် 92G6-D157681 ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၃) မိုင်ခန့်အကွာ မြေပုံညွှန်းအမှတ် 92G6-D100703 ထိ၊ ၎င်းမှ အနောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်အကွာ မြေပုံညွှန်းအမှတ် 92G6-D078705 ထိ။

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ (၃) မိုင် (၄) ဖာလုံခန့်လာရာ မြေပုံညွှန်းအမှတ်၊ 92G6-D054747 ထိ၊ ၎င်းမှ မြောက်ဘက်သို့ (၄) ဖာလုံခန့်အကွာ မြေပုံညွှန်းအမှတ်၊ 92G6-D047755 မှ မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်အကွာ အင်ဒိုင်ယာရွာ၏ အရှေ့ဘက်ကပ်လျက် မြေပုံညွှန်းအမှတ်၊ 92G6-D050780 ထိ၊ ၎င်းမှ မြောက်ဘက်သို့ (၃) မိုင် (၂) ဖာလုံခန့်အကွာ နန်းကွေ့ချောင်းဘေး၊ လှည်းလမ်းဘေး မြေပုံညွှန်းအမှတ်၊ 92G6-D061836 ထိ၊ ၎င်းမှ မြောက်ဘက်သို့ လှည်းလမ်းအတိုင်း (၂) မိုင် (၄) ဖာလုံခန့် လာရာ မူလစတင်သည့်နေရာ ဖုန်အင်ချောင်းနှင့် လှည်းလမ်းဆုံရာ မြေပုံညွှန်းအမှတ် 92G6-D071878 ထိ။

**တားမြစ်ချက်များ**

၃။ အင်ခိုင်ဘွမ် အမျိုးသားဥယျာဉ်သတ်မှတ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း။

(ခ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ၊ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

(ဂ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း။

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အမျိုးသားဥယျာဉ် နယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်း တိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏အစိတ်အပိုင်းကိုဖြစ်စေ၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ။

(င) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ။

(စ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း သက်ရှိ၊ သက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား အတိုင်း တစ်ခုခုကိုဖြစ်စေ၊ ဖျက်ဆီးခြင်း။

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း။

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း။

(ဈ) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း။

(ည) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၄။ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ |
|---|---|---|
| ၁။ | ဦးတူးလွမ်<br>အာလမ်ကျေးရွာနှစ်ခြင်း<br>အသင်းတော် 92G6-D162710 | လမ်းဟောင်းပြုပြင်ခွင့်နှင့် မြေအသုံးချမှု မပြုလုပ်ဘဲ ဝတ်ပြုဆုတောင်းချိန်တွင် ဝတ်ပြုသူများ ဝင်ရောက်ခွင့်ပြုသည်။ |
| ၂။ | ဦးနော်အောင်<br>လုံဂမ်ဖွပ်ကျေးရွာကက်သလစ်<br>အသင်းတော် 92G6-D170777 | လမ်းဟောင်းပြုပြင်ခွင့်နှင့် မြေအသုံးချမှုမပြုလုပ်ဘဲ ဝတ်ပြုဆုတောင်းချိန်တွင် ဝတ်ပြုသူများဝင်ရောက်ခွင့်ပြုသည်။ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၅/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူး (၃) နေရာသို့ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၃) ဦးအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး | လက်ရှိနေရာ |
|---|---|---|
| (က) | ဦးနေဆန်းလင်း<br>ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ |
| (ခ) | ဒေါ်စုကလျာထွန်း<br>ဒုတိယညွှန်ကြားရေးမှူး | ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |
| (ဂ) | ဒေါ်သစ်သစ်မာ<br>ဒုတိယညွှန်ကြားရေးမှူး | မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ သစ်တောတက္ကသိုလ်တွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော တွဲဖက်ပါမောက္ခ ဦးစိုးမင်း ၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ဇူလိုင်လ ၁၉ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၉) အရ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၆/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာသို့ ဒုတိယညွှန်ကြားရေးမှူး၊ ဦးလှိုင်မင်းမောင် အား လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးအား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါအတိုင်း နေရာချထားလိုက်သည်-

| စဉ် | အမည်/ရာထူး | လက်ရှိ တာဝန်ထမ်းဆောင်နေသောဌာနခွဲ | ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့်ဌာနခွဲ |
|---|---|---|---|
| (က) | ဒေါ်စန်းစန်းရီ<br>ညွှန်ကြားရေးမှူး | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ | အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |
| (ခ) | ဦးလှိုင်မင်းမောင်<br>ညွှန်ကြားရေးမှူး | မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ | မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၇)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၆/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနတွင် လစ်လပ်မည့် အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူး (၁) နေရာသို့ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန (ရုံးချုပ်) မှ လက်ရှိ ရာထူးလစာဖြင့် အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) တာဝန်ထမ်းဆောင်နေသည့် ဒုတိယအထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) ဦးကျော်ထွန်းလတ် အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်)

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်အတွင်း ကျရောက်သည့်ဧရိယာ (၁၁၀၅၈၀) ဧကကို ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၁၆) ဖြင့် ဆေးတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာတွင် တာဝန်ပေးအပ်ခဲ့သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ကြေးတိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်ဆန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ပဏာမစိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**ကရင်ပြည်နယ်**

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကော့ကရိတ်ခရိုင်၊ ကရင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကော့ကရိတ်ခရိုင်၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကော့ကရိတ်ခရိုင်၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်ခရိုင်၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်ခရိုင်၊ ကရင်ပြည်နယ် | အတွင်းရေးမှူး |

**မွန်ပြည်နယ်**

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ဦးစီးအရာရှိ၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | အဖွဲ့ဝင် |
| (စ) | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ရေးမြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၇) ကြိမ်မြောက်မှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်

ဦးအောင်ကျော်ထွန်း အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ကျွမ်းကျင်သူအဖြစ် လစဉ်ချီးမြှင့်ငွေ (၂၅၀,၀၀၀) ဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ (၁) နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

၂။ ဦးအောင်ကျော်ထွန်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်မပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေခြင်းကြောင့်လည်းကောင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၇၃၊ နည်းဥပဒေ (စ) တို့အရ ငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့်အတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၀၈၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ မဟာဓာတ်အားလိုင်းမျိုးရုံး (အမ်း) မှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ (စက်/လျှပ်) ဦးအောင်ထွန်းမင်း အား လုပ်ငန်းလိုအပ်ချက်အရ စီမံကိန်းမန်နေဂျာရုံး (၃) မန္တလေးသို့ လက်ရှိရာထူး၊ လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၈၇/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ) ဦးထွန်းလှိုင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၈၈/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ အင်းကုန်း (ကျောက်ဆည်) ပင်မဓာတ်အားခွဲရုံမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ (စက်/လျှပ်) ဒေါ်တင်နွယ်နွယ်ဝင်း အား လုပ်ငန်းလိုအပ်ချက်အရ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံသို့ လက်ရှိရာထူး၊ လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင် စေလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၉၀/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ (ပစ္စည်း) ဦးမောင်စိုး အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၉၁/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စက်/လျှပ်) အရာထမ်း (၂) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ နေရာများသို့ လက်ရှိရာထူး၊ လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်/ရာထူး | လက်ရှိ ရုံး/ဌာန | ပြောင်းရွှေ့တာဝန်ချထားသည့်ခွဲရုံ |
|---|---|---|---|
| (၁) | ဦးမျိုးထက်အောင်<br>ဦးစီးအရာရှိ (စက်/လျှပ်) | ဓာတ်အားစနစ်ဌာန | တောင်ကြီးပင်မဓာတ်အားခွဲရုံ |
| (၂) | ဦးဆန်းမျိုး<br>ဦးစီးအရာရှိ (စက်/လျှပ်) | မဟာဓာတ်အား<br>လိုင်းမျှုးရုံး (မန်စံ) | တောင်ကြီးပင်မဓာတ်အားခွဲရုံ |

## အမိန့်ကြော်ငြာစာ (၀၉၂/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ ရေအားလျှပ်စစ်အကောင်အထည် ဖော်ရေးဦးစီးဌာန၊ စက်မှုယန္တရားဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုအလုပ်ရုံ) (၂) ရုံးမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ (စက်မှု) ဦးအောင်မင်း အား လုပ်ငန်းလိုအပ်ချက်အရ ရန်ကုန်မြို့ (လှော်ကား)၊ စက်မှုယန္တရားဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံးသို့ လက်ရှိရာထူး၊ လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၉၃/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း (ရုံးချုပ်)၊ ပစ္စည်းဖြည့်တင်းရေးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ (ပစ္စည်း) ဦးစံထွန်း အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၈) အရ နှစ်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

